မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

အလှူဒါနကို ဝမ်းမြောက်နိုင်၏

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၇)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့ | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဦးကိုကိုလှိုင်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး *စာမျက်နှာ ၃ ကော်လံ ၁* ❒

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယနေ့ ဖတ် စ ရာ

နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးပုံဖော်ထုဆစ်ကြမည့် လူငယ်များဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့ — ဆောင်းပါး စာ ၆

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ တစ်ခဲနက်လာရောက်ဖူးမြော်ကြည်ညို — ပြည်တွင်းသတင်း စာ ၈

ကျေးရွာအလိုက်၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product)၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဟူသော အစီအစဉ်များက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ အပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ရည်ရွယ်ရင်းဖြစ်သည်။

လုပ်ငန်းများ၏ အခြေအနေမှာ ဒေသတွင်းထွက်ရှိသော ကုန်ကြမ်းများနှင့် ငွေကြေးအရင်းအနှီးတို့အပေါ် မူတည်ပြီး မိသားစုတစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှုလုပ်ငန်း အဆင့်မှသည် အဆင့်နိမ့် စက်ကိရိယာအငယ်စားများ အသုံးပြုသည့် အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်ကြသည်။ ဝါးကုန်ထုတ်လုပ်ငန်းများ၊ ကြိမ်ထည်၊ မြေထည်လုပ်ငန်းများ၊ ဒေသထွက်စားသောက်ကုန်လုပ်ငန်းများ၊ ရိုးရာအဝတ်အထည်နှင့် ရက်ကန်းလုပ်ငန်းများ၊ သံထည်၊ ကြေးထည်လက်မှုလုပ်ငန်းများ၊ အဖျော်ယမကာလုပ်ငန်းများ စသည်တို့ကို အများဆုံးတွေ့ရပြီး ပြည်တွင်းဈေးကွက်ကို အဓိကထားကြခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါလုပ်ငန်းများအားလုံးတို့မှာ ကုန်ပစ္စည်းအရည်အသွေး၊ ဈေးနှုန်း၊ ခေတ်မီဆန်းသစ်လှပမှု၊ အမြောက်အမြားထုတ်လုပ်နိုင်မှု စသည်ဖြင့် အဘက်ဘက်မှ အားနည်းချက်များရှိနေပြီး အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို ဈေးကွက်တွင် မယှဉ်နိုင်ဘဲ အများစုမှာ ရပ်တည်နိုင်ရန် ရုန်းကန်ကြိုးပမ်းနေကြရသည်ကိုလည်း တွေ့ရသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက "အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းမြို့ကြီးတွေကတော့ အားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိက ထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေ လုပ်ရမယ်။ ဒေသလိုက် ဒေသလိုက်မှာ၊ ခရိုင်ပေါင်း ၁၂၀ ကျော်ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်က ကောင်းနေရမယ်။ ဥပမာပေါ့ – ပခုက္ကူဆိုချည်ထည်ပစ္စည်းတွေ ကောင်းရမယ်။ ချည်ထည်ပစ္စည်းမှာ ပခုက္ကူဆို နံပါတ်တစ် အကောင်းဆုံးဖြစ်နေရမယ်။" ဟူ၍ ပြောကြားခဲ့ရာ ဒေသအလိုက် အဓိကထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့်အတူ ခရီးသွားလုပ်ငန်းများအတွက် ဆွဲဆောင်မှုတစ်ခုအဖြစ်လည်း ဆောင်ရွက်သွားကြရန်ဖြစ်သည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်များ အောင်မြင်ရန်မှာ ကုန်ထုတ်လုပ်သူ လုပ်ငန်းရှင်များက အဓိကဖြစ်သည်။ ဒေသတွင်းရရှိသော ကုန်ကြမ်းများဖြင့် ဈေးကွက်တွင် ဆွဲဆောင်မှုကင်းမဲ့သော အဆင့်နိမ့်အရည်အသွေးညံ့သည့် ကုန်စည်များ ထုတ်လုပ်နေမည်ဆိုပါက အောင်မြင်မှုမရဘဲ အရှုံးနှင့်သာ ရင်ဆိုင်ရမည် သို့မဟုတ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ဝင်ငွေနိမ့်ကျစွာဖြင့် ရုန်းကန်နေရမည်ဖြစ်သည်။ ဒေသထွက်မိရိုးဖလာ စားစရာများဖြစ်သည့် ထန်းလျက်၊ တိုဟူး၊ ခေါပုတ် စသည်တို့ကို စွန့်ဦးတီထွင်မှုဖြင့် ဈေးကွက်ထိုးဖောက် အောင်မြင်ခဲ့သည့် စံပြနမူနာများရှိခဲ့ရာ သမားရိုးကျနည်းလမ်း၊ အတွေးအခေါ်တို့မှသည် မိမိတို့၏ ထုတ်ကုန်များ ဈေးကွက်တွင် တိုးတက်အောင်မြင်နိုင်ရေးအတွက် ထိုးဖောက်စဉ်းစားဆောင်ရွက်နိုင်ကြရန်လိုသည်။

လုပ်ငန်းရှင်များအနေဖြင့် ချေးငွေအပါအဝင် နိုင်ငံတော်အပိုင်းမှ ကူညီပံ့ပိုးမှုများကို ရယူနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်က လုပ်ငန်းများ ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ထားကြရန် လိုအပ်ပြီး လုပ်ငန်းခိုင်မာလာသည့်အချိန်တွင် ဖွံ့ဖြိုးရေးချေးငွေ၊ စီးပွားရေးချေးငွေ စသည့် ချေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ချေးယူပြီး လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်များကို ဖြည့်ဆည်းနိုင်ကြသည်။ နိုင်ငံအတွင်းရှိ ကျေးရွာများနှင့် ဒေသများအလိုက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ ပိုမိုရရှိနိုင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် စားသုံးမှုပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတို့ အပါအဝင် လုပ်ငန်းရှင်များ၏ အကျိုး၊ နိုင်ငံတော်အကျိုးအတွက် ကျေးရွာအလိုက်၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်မြင်ရေး ဝိုင်းဝန်းအားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၅ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၇၁၂၀ ဗိုလ်မှူးကြီး သိန်းလင်း **အစား** ကြည်း ၃၁၃၇၅ ဗိုလ်မှူးကြီး မင်းမင်းလတ် အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မိုး/ဇလ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များအတွင်း သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များ အတွင်း မြို့သာယာလှပရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ကုမုဒြာကြာပန်း အဝိုင်းအနီးတွင် Free Way လမ်း တိုးချဲ့ဖောက်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့သွားသော အဓိကလမ်းမကြီးဖြစ်သည့် စံပယ်လမ်း လမ်းကွေ့နေရာတွင် Free Way လမ်းတိုးချဲ့ဖောက်လုပ်နေမှုနှင့် သံတမန်ဇုန်အတွင်းရှိ သစ်ခွလမ်းမှ မြတ်မင်္ဂလာလမ်းသို့ လမ်းဖြောင့်ဖောက်လုပ် ကွန်ကရစ်ခင်းရန် မြေသားပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေး (မြို့မဈေးအနီး) ရှိ သုခတော်ဝင်အိမ်ရာအတွင်း လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်အတွင်းရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးသန့်စင်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်အရည်အသွေး ကိုက်ညီအောင် ဆောင်ရွက်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

သတင်းစဉ်

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

မန္တလေး ဩဂုတ် ၁၅

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးစိုးလှမြင့်က အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော လုပ်ငန်းရှင်အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ စားသောက်ဆိုင် လုပ်ငန်းရှင် ၇၅ ဦး၊ ရွှေဆိုင်လုပ်ငန်းရှင် ၂၅ ဦး၊ ဟိုတယ်/တည်းခိုခန်း လုပ်ငန်းရှင် ၄၀၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင် ၁၀ ဦး စုစုပေါင်း ၁၅၀ တက်ရောက်သည်။ **သတင်းစဉ်**

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ် ၁၄ ရက်က လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲ ကျင်းပရာ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက အမှာစကား ပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းပို့ချသည်။ သင်တန်းသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ တက်ရောက်သည်။ **မောင်မောင် (လှျပ်စစ်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❐ *ရှေ့ဖုံးမှ*

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေများ၊

“ မြန်မာနိုင်ငံ၏အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများ ပျံ့နှံ့လျက်ရှိမှုနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခြေအနေမှန်များကို သိရှိရန် လိုအပ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းဖြစ်ပွားချိန်တို့၌ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပေးမှုများ နည်းပါးခဲ့သည့်အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေး ”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများပျံ့နှံ့လျက်ရှိမှုနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခြေအနေမှန်များကို သိရှိရန် လိုအပ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းဖြစ်ပွားချိန်တို့၌ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပေးမှုများ နည်းပါးခဲ့သည့်အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မိုခါမုန်တိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ကိုယ်စား ကိုယ်စားလှယ် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နေမှုနှင့် လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Martin Griffiths အား လက်ခံတွေ့ဆုံစဉ်။

သတ္တုလုပ်ငန်းရှင်များနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော ကုန်ကြမ်းပစ္စည်းများပံ့ပိုးပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

သတ္တုလုပ်ငန်းရှင်များနှင့် သံရည်ကျို ပုံလောင်းလုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော ကုန်ကြမ်းပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

တာဝန်ရှိသူများတက်ရောက်

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအတွင်းရေးမှူး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ MSME သတ္တုလုပ်ငန်းရှင်များ၊ သံရည်ကျို ပုံလောင်းလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖြေရှင်းပေးလျက်ရှိ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သို့ သွားရောက်၍ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ တင်ပြချက် ၂၃၀ နှင့်ပတ်သက်၍ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များ၏ စုပေါင်းအင်အားနှင့် ပူးပေါင်းပံ့ပိုး ဖြေရှင်းပေးလျက်ရှိကြောင်း၊ ယခု ညှိနှိုင်းဆွေးနွေးပွဲသည် ခရီးစဉ်အတွင်း၌ ပဲခူးတိုင်းဒေသကြီးရှိ MSME လုပ်ငန်းရှင်များ တင်ပြခဲ့သည့် လိုအပ်ချက်များနှင့်ပတ်သက်ပြီး ပူးပေါင်းပံ့ပိုးပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြုကျေးရွာရှိ MSME သတ္တုလုပ်ငန်းရှင်များနှင့် သံရည်ကျို ပုံလောင်းလုပ်ငန်းရှင်များမှ တင်ပြတောင်းဆိုထားသော ဘီယာစွန့်ပစ်ပစ္စည်းများ၊ ကားနံပါတ် စွန့်ပစ်သတ္တုပြားများ၊ သတ္တုတွင်စာ၊ သတ္တုချော်ချေးနှင့် အခြားစွန့်ပစ်သံ / ဒန်သတ္တုများစသည့် ကုန်ကြမ်းပစ္စည်းများကို ပံ့ပိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အသင်းအဖွဲ့များနှင့် ကွန်ရက်ချိတ်ဆက်၍ ပူးပေါင်း ဆွေးနွေးအဖြေရှာနိုင်ကြရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းကြီးများမှ ထွက်ရှိသည့် Metal Waste များကို MSME လုပ်ငန်းများတွင် ပြန်လည်အသုံးပြုမည် ဖြစ်သည့်အတွက် Metal Waste ထွက်သည့်သက်ဆိုင်ရာ လုပ်ငန်း/ဌာနများအနေဖြင့် အသေးစိတ် ဆွေးနွေးပေးကြစေလိုကြောင်း။

စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုခြင်းဖြင့် Reduce, Reuse, Recycle & Recover ဆိုသည့် 4R Principle နှင့်အညီ ထုတ်ကုန်ပစ္စည်းအဖြစ် ပြန်လည်ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ အသုံးမဝင်၍ ပစ်လိုက်သည့် စွန့်ပစ်ပစ္စည်းများကို Recycle ပြုလုပ်ပြီး ကုန်ကြမ်းအဖြစ် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း၌ Reuse ပြန်လည်အသုံးပြုခြင်းအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သလို သဘာဝစွမ်းအင်များကိုလည်း ချွေတာရာရောက်ပါကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အားသွန်ခွန်စိုက်ကြိုးပမ်း

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကဝမြို့နယ် သပြုကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်သုံး စက်ပစ္စည်းများ၊ အသံချဲ့စက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ရေယာဉ်ပန်ကာ၊ အပ်ချုပ်စက်နှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း၊ သံ၊ သံသတ္တု သံရည်ကျို ပုံလောင်းလုပ်ငန်းများအတွက် လိုအပ်သော စမ်းသပ်ပစ္စည်း ကုန်ကြမ်းများ ရရှိရေးအတွက် MSME အေဂျင်စီမှ ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ ဒန်သတ္တုကုန်ကြမ်း ပံ့ပိုးပေးနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်တက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ပြည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တက္ကသိုလ်တာဝန်ရှိသူများ ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များအပါအဝင် (သင်ကြား/စီမံ) ဌာနမှူးများ၊ ပါမောက္ခများ၊ မော်ကွန်းထိန်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်း/မိသားစုများ စုစုပေါင်း ၃၀၀ ကျော်ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံခဲ့မှု အကြိမ်ရေနှင့်ကာလတို့ကို စနစ်တကျ စိစစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ထပ်ဆောင်းထိုးနှံ ဆောင်ရွက်ပေးပြီး တက္ကသိုလ်တာဝန်ရှိသူများက ကြည့်ရှုအားပေး ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(ဝဲပုံ) ကိုဆက်(ပြန်/ဆက်)**

မြန်မာနိုင်ငံအတွင်းရှိ MSMEs များအား စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ ပြန်လည်ဖြန့်ဝေရေးအစီအစဉ် ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်း(၂၀၂၀)ဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံအတွင်းရှိMSMEsများအား စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ ပြန်လည်ဖြန့်ဝေရေးအစီအစဉ်(၁)ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အမှာစကားပြောကြားပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းပညာဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် အထက်မြန်မာပြည် MSMEs လုပ်ငန်းများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းဖြင့် မဲခေါင် - လန်ချန်းနိုင်ငံများ အချင်းချင်းဖလှယ်ထားသော နည်းပညာ ခြောက်မျိုးဖြစ်သည့် ချဉ်ပေါင်ဖူးဖျော်ရည်ထုတ်လုပ်ခြင်းနှင့် ချဉ်ပေါင်ဖူးမှ အခြားထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ သရက်သီး ဂျယ်လီဖျော်ရည်ထုတ်လုပ်ခြင်း၊ ပဲနို့ထုတ်လုပ်ပြီး ကျန်သောအနှစ်များမှ ကွတ်ကီးထုတ်လုပ်ခြင်း၊ Freezed- Dried နည်းပညာဖြင့် စိုက်ပျိုးရေးထွက် တန်ဖိုးမြင့်ထုတ်ကုန်များပြုလုပ်ခြင်း၊ Vacuum-Fried နည်းပညာဖြင့် အသီးအနှံအခြောက်ထုတ်ကုန်များပြုလုပ်ခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး စံချိန်စံညွှန်းပြည့်မီ၍ ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန် အမယ်သစ်များ စနစ်တကျထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်ခြင်းသည် အဓိကမောင်းနှင်အားများဖြစ်သည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသူများအား နည်းပညာများ စာတွေ့လက်တွေ့သင်ကြားဖြန့်ဝေခြင်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စိစစ်ရေးဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး နည်းပညာပြန်လည်ဖြန့်ဝေရေးအစီအစဉ် (၁) တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေနှင့် အထက်မြန်မာပြည်မှ MSMEs လုပ်ငန်းရှင် ၁၀၀ ကို ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တာ နည်းပညာပြန်လည်မျှဝေသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အုန်းတောကြီးတောင် IDP စခန်း၌ နေထိုင်သူများအတွက် တည်ဆောက်ရေးပစ္စည်းများထောက်ပံ့ပေးအပ်

စစ်တွေ ဩဂုတ် ၁၅

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက စစ်တွေတက္ကသိုလ်၌ Grade – 12 သင်ရိုးသစ်နည်းပြ သင်တန်းတက်ရောက်နေကြသည့် ဆရာဆရာမများနှင့်တွေ့ဆုံပြီး စစ်တွေမြို့နယ် အုန်းတောကြီးတောင် IDP စခန်း၌ နေထိုင်ကြသူများအတွက် တည်ဆောက်ရေးပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်၌ ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade – 12 သင်ရိုးသစ်နည်းပြသင်တန်း တက်ရောက်နေကြသည့် ဆရာ ဆရာမများနှင့်တွေ့ဆုံပွဲတွင် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက အနာဂတ်၏ နိုင်ငံ့သားကောင်းရတနာများကို ပြုစုပျိုးထောင်နေသော ဆရာ ဆရာမများအနေဖြင့် ဗလငါးတန်နှင့် ပြည့်ဝသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုတွေ့ဆုံပွဲတွင် ဆရာ ဆရာမများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ၊ အနာဂတ်ရခိုင်ပြည်နယ်အတွက် မည်ကဲ့သို့လိုအပ်ချက်များရှိသည်ကို ချပြရှင်းလင်းသည့် တွေ့ဆုံပွဲဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားရင်း နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုလည်း ထည့်သွင်းသင်ကြားပို့ချပေးရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုရရှိနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုရှိမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှ တည်ငြိမ်အေးချမ်းမှု ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုး ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပမာဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကို ကြည့်မည်ဆိုလျှင် မုန်တိုင်းမတိုက်ခတ်မီ ကာလက ကြိုတင်ပြင်ဆင်မှုများကို မိမိတို့ အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အကြီးအကဲက ယခင်အခြေအနေများထက် ကောင်းမွန်သာလွန်အောင် ဆောင်ရွက်ရန် မှာကြားခဲ့ပါကြောင်း၊ အချိန်တိုကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အဦများ၊ လမ်းများ၊ လျှပ်စစ်မီးများ ပြန်လည်ကောင်းမွန်လာပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်နေကြသည့် ဆရာ ဆရာမများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှထောက်ပံ့သည့် ထောက်ပံ့ငွေအား ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုန်းတောကြီးတောင် IDP စခန်းသို့သွားရောက်ပြီး တည်ဆောက်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်ရွှေ့ပြောင်းဆောင်ရွက်ခဲ့မှုများ၊ မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စခန်းတာဝန်ခံများ၏ ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ပြီး စခန်းအတွက်လိုအပ်ချက်များ တင်ပြဆောင်ရွက်ရမည့်ကိစ္စများနှင့် ရရှိသည့်အထောက်အပံ့များကို မျှမျှတတခွဲဝေရမည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မီးစက်၊ တာပေါ်လင်၊ သွပ်နှင့် အိမ်ရိုက်သံများကို ပေးအပ်ကြကာ(**အပေါ်ပုံ**) စခန်းအတွင်းလှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်၍ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံကာ ဂုဏ်ပြုအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

ပေါင်းတည်၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်နှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ပေါင်းတည် ဩဂုတ် ၁၅

ပေါင်းတည်မြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူးချွန်ဆုပေးအပ်ပွဲကို ယမန်နေ့ နံနက်က အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။ (**ဝဲပုံ**)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖောက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအကြောင်းကို ပြောကြားသည်။ ယင်းနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးမှူးများက ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းရွေးချယ်ရာတွင် ဆုရရှိသည့် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ပြီး ခန်းမအတွင်းပြသထားသော အထွေထွေကျန်းမာရေးပြခန်းများတွင် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သူရကြီး (ပြန်/ဆက်)

နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးပုံဖော်ထုဆစ်ကြမည့် လူငယ်များဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့

မောင်ငြိမ်းအေး

အသက် (၁၅) နှစ်အရွယ် ကျော်လာသူကို လူငယ်ဟုဆို၏။ လူငယ်များသည် ကလေးနှင့် လူကြီးဟူသော အရွယ်နှစ်ခု၏စပ်ကြား ပေါင်းကူးတံတားဖြစ်၏။ ကလေးဘဝမှ လွန်မြောက်လာသော်လည်း လူကြီးဘဝသို့လည်း မရောက်သေး။ ရင့်ကျက်သောလူကြီးမဖြစ်သေးသည့်တိုင်အောင် ဆင်ခြင်တုံတရားကင်းမဲ့သောကလေးလည်းမဟုတ်တော့။ အရာရာကို လက်တွေ့ကျကျ လေ့လာဆည်းပူးသည့်အရွယ်။ ကလေးဘဝကဲ့သို့ လူကြီးပြောသမျှ ခြွင်းချက်မရှိလက်မခံတတ်။ လက်တွေ့နှင့်ယှဉ်၍ မှန်၏၊ မမှန်၏၊ ကောင်း၏၊ မကောင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ပြီးမှ လက်ခံသောအရွယ်ဖြစ်သည်။

လူငယ်သည် လူပျိုပေါက်စ (၁၄)/ (၁၅) နှစ်အရွယ်မှစ၍ အုပ်စုဖွဲ့နေထိုင်လာတတ်သည်။ တူညီသောဝါသနာကို ဗဟိုပြု၍ စုစည်းနေထိုင်တတ်ကြသကဲ့သို့ တူညီသောခံစားချက်များကြောင့်လည်း သိပ်သည်းသောအဖွဲ့အစည်းများ ဖွဲ့စည်းမိတတ်ကြသည်။ အုပ်စုဖွဲ့လိုခြင်းသည် လူငယ်သဘာဝပင်ဖြစ်သည်။ အုပ်စုဖွဲ့နေထိုင်ရာတွင် ခေါင်းဆောင်များရှိတတ်သည်။ လူငယ်များ အုပ်စုဖွဲ့နေထိုင်ကြရာတွင် ကောင်းသောအချက်များရှိသကဲ့သို့ အန္တရာယ်ရှိသောအလားအလာများလည်း ရှိတတ်သည်ကို လေ့လာတွေ့ရှိနိုင်သည်။ အချင်းချင်း ညှာတာထောက်ထား ရိုင်းပင်းကူညီသော အလေ့အကျင့်သည် တန်ဖိုးမဖြတ်နိုင်သည့် ကောင်းသောဓလေ့စရိုက်ဖြစ်သည်။

ဆရာတင်များ

သို့သော် အုပ်စုတစ်စုနှင့်တစ်စု အပြိုင်အဆိုင်စိတ်၊ မညီညွတ်သောစိတ်၊ ဗိုလ်လုလိုသောစိတ်နှင့် အဖျက်သဘောဆောင်သော၊ အကျင့်စာရိတ္တကို ပျက်ပြားစေသောအလုပ်များကို တစ်ဦးချင်းမကျူးလွန်၊ မဝံ့မရဲသည့်တိုင် အုပ်စုဖွဲ့မိသောအခါ အုပ်စုလိုက် ကျူးလွန်တတ်ခြင်းတို့သည် မကောင်းသောဓလေ့စရိုက်များဖြစ်သည်။ ဤအရွယ်လူငယ်များသည် လူကြီးစကားကို လက်မခံကြဆိုသော်လည်း ၎င်းတို့လက်ခံသောလူကြီး(ဝါ) ခေါင်းဆောင်စကားကိုမူ တစ်သဝေမတိမ်းလိုက်နာတတ်ကြသည်။ ဤသည်ပင် ဆရာတင်မှား၊ ရေလိုက်လွဲသောအခါ ငါးပါးမှောက်သည့်အဖြစ်များနှင့် လူငယ်များကြုံတွေ့တတ်ကြရသည်ကို တွေ့မြင်နိုင်သည်။

အလွှာစုံပါဝင်

မြန်မာနိုင်ငံ ကလေးသူငယ်အက်ဥပဒေအရ အသက် (၁၆) နှစ်အောက်ကို ကလေးသူငယ်ဟုဆိုထားသဖြင့် အသက် (၁၆) နှစ်မှ (၂၅) နှစ်အထိကို လူငယ်ဟုသတ်မှတ်ရမည်ဖြစ်သည်။ အသက်အုပ်စုအတွင်းတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာများ သင်ကြားနေကြသူများ၊ သင်ကြားပြီးမြောက်၍ နိုင်ငံ့တာဝန်၊ လူမှုဘဝတာဝန်ထမ်းဆောင်နေသူများ၊ ပြင်ပတွင်အလုပ်လုပ်နေသူများ၊ အကြောင်းကြောင်းကြောင့် အလယ်တန်းပညာ၊ အထက်တန်းပညာဖြင့်ပင် အလုပ်လုပ်နေကြသူများ၊ အလုပ်လုပ်ခွင့်မရသေးသူများ၊ အလုပ်မလုပ်ဘဲနေသူများ၊ လမ်းမှားရောက်နေသူများ၊ ဘဝရပ်တည်ရေးအတွက် ဖြစ်သလို အသက်မွေးဝမ်းကျောင်းပြုနေသူများ စသည်ဖြင့် လူငယ်လူတန်းစားအလွှာစုံပါဝင်ကြမည်ဖြစ်သည်။

လူတန်းစားအလွှာအားဖြင့် မည်သို့ပင်ကွဲပြားစေကာမူ လူငယ်သည် လူငယ်သာဖြစ်၍ လူငယ်တို့သည့်ထူးခြားသောအားမာန်များကို ပိုင်ဆိုင်ထားကြသည်။ စိတ်ဓာတ်တက်ကြွခြင်း၊ စူးစမ်းလိုခြင်း၊ စွန့်စားလိုခြင်း၊ အများ၏အားထားမှုကို ခံယူလိုခြင်း၊ ကိုယ်ကျိုးစွန့်ရန် ဆန္ဒရှိခြင်း၊ ကာယအားဖြင့် အပြည့်အဝရှိခြင်းတို့မှာ လူငယ်တို့၏အားမာန်များဖြစ်သည်။ အလားတူ အချစ်နှင့်ပတ်သက်၍စိတ်ကူးယဉ်ခြင်း၊ ခံစားတတ်ခြင်း၊ စွန့်စားခန်းများကို နှစ်သက်ခြင်း၊ လွတ်လပ်ပျော်ရွှင်စွာနေလိုခြင်း စသည့် ယေဘုယျလိုအင်များ တူညီကြသည်။ သို့တစေဖို၊ မ ကွဲပြားမှုအရ၊ ရင့်ကျက်မှုအရ၊ သိမှုအရည်အချင်းအရ၊ ပတ်ဝန်းကျင်လူမှုဘဝအရ၊ စီးပွားရေးအရ နှစ်သက်မှုသဘောထားများ ကွဲပြားလေသည်။

❍ ကလေးသူငယ်လူငယ်လူရွယ်များကို မြေတောင်မြှောက်ပေးရာ၌ “ဆရာကောင်းတပည့် ပန်းကောင်းပန်”ဆိုသကဲ့သို့ ဆရာများ အရည်အသွေးမြင့်မားရေးနှင့် လိုအပ်ချက်များ မြှင့်တင်ပေးရေးသည် အရေးကြီးပေသည်။ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာစေရန်အတွက် ပညာရေးဝန်ထမ်းများ လိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများ ရရှိရေး၊ လုပ်ငန်းခွင်ပျော်ရွှင်မှု ရရှိရေး ဖန်တီးပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ရာတွင် ဆရာ ဆရာမများသည် အဓိကတာဝန်ရှိပြီး ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်မှုသာ အနာဂတ်တွင် နိုင်ငံတော်ကအားထားရသည့် အရည်အချင်းပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်

အခြေခံအကျဆုံး

ကလေးသူငယ်အရွယ်တွင် လက်ဦးဆရာဖြစ်သော မိဘများက “မကောင်းမြစ်တာ ကောင်းရာညွှန်လတ်” ဆိုသည့်အတိုင်း ပြုစုပျိုးထောင် လမ်းမှန်ညွှန်ပြ မြေတောင်မြှောက်ပေးခဲ့သည်။ မိဘလက်မှလွတ်သည့်အခါ ပြုပြင်ပျိုးထောင်ရာနေရာသည် စာသင်ကျောင်းဖြစ်သည်။ စာကို ကောင်းစွာသင်ယူမှသာ လူကောင်းလူတော်ဖြစ်နိုင်သည်။ ဆရာသည် တပည့်များအား ပညာတတ်မြောက်ရေးသာမက စိတ်ဓာတ်ပညာအမွေပေးသူများလည်းဖြစ်သည်။ “ဆရာကောင်းတပည့် ပန်းကောင်းပန်” ဆိုသကဲ့သို့ ဆရာကောင်းတပည့်ဖြစ်ရခြင်းသည် ကံကောင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း ပညာကောင်းစွာသင်ကြားရေးသည် လူတော်လူကောင်းဖြစ်လာရေးအတွက် အခြေခံအကျဆုံးအချက်ဖြစ်သည်။

ပညာတတ်ပေါ်များသော တိုင်းပြည်သည် ချမ်းသာကြွယ်ဝသည်ဆိုသဖြင့် နိုင်ငံများသည် ပညာရေးတွင် ရင်းနှီးမြှုပ်နှံကြသည်။ လူငယ်ပညာတတ်များပေါ်များသဖြင့် တိုင်းပြည်ကြွယ်ဝချမ်းသာသည့် နိုင်ငံငယ်ငယ်လေး စင်ကာပူကို အတုယူစရာအဖြစ် ကြားဖြတ်တင်ပြလိုပါသည်။ စင်ကာပူသည် ၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးစက နိုင်ငံလူဦးရေထက်ဝက်ခန့်သည် ပညာမတတ်ခဲ့ကြပါ။ နိုင်ငံတွင် သယံဇာတအရင်းအမြစ်များမရှိသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးတွင် အဓိကရင်းနှီးမြှုပ်နှံခဲ့သည်။ အစိုးရအသုံးစရိတ်၏ဘတ်ဂျက် ၂၀ ရာခိုင်နှုန်းခန့်ကို ပညာရေးဘက်တွင် သုံးခဲ့သည်။

အောင်မြင်မှုများရရှိ

လူဦးရေခြောက်သန်းခန့်ရှိသည့် စင်ကာပူနိုင်ငံတွင် အခြေခံပညာ မသင်မနေရသင်ကြရသည်။ မူလတန်းစာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူလေးများသည် အချိန်ဇယားဆွဲပြီး အပြင်းအထန်ကြိုးစားခြင်းမှစတင်၍ တစ်ဆင့်ပြီးတစ်ဆင့် ပညာသင်ခဲ့ကြရသည်။ အစိုးရက အားပေးမှု၊ လူငယ်များက ကြိုးစားမှုကြောင့် ယခုအခါ စင်ကာပူသည် ကမ္ဘာမှာ အလေးစားရဆုံးပညာရေးစနစ်ကို ပိုင်ဆိုင်ထားသည်။ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OECD)၏ စစ်တမ်းအရ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ကျောင်းသားလူငယ်လေးများ၏ သိပ္ပံ၊ သင်္ချာနှင့် စာဖတ်စွမ်းရည်အကဲဖြတ်သည့် စာမေးပွဲတွင် စင်ကာပူကျောင်းသားလူငယ်လေးများက ထိပ်ဆုံးမှ ရရှိခဲ့သည်ဟုသိရသည်။ စင်ကာပူကို ကမ္ဘာ့အချမ်းသာဆုံး၊ အဖွံ့ဖြိုးဆုံး၊ ပညာအတတ်ဆုံးရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့သည်မှာ အတုယူစရာဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပညာရေးကို ပြောင်းလဲမြှင့်တင်ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရသေးပေ။ အခြေခံပညာ (မူလတန်းပညာ)ကိုပင် ပြီးဆုံးအောင် မသင်ခဲ့ကြရသူများရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းစစ်တမ်းတွင် လူဦးရေ ၁၆ ဒသမ ၈၉ သန်းတွင် အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်များဖြစ်သည်ဟုဆိုထားသည်။ စစ်တမ်းတွင် မြန်မာနိုင်ငံ၏ ပညာရေးနိမ့်ကျခဲ့ကြောင်းလည်း ဖော်ပြထားသည်။ တကယ်တမ်းတွင် နိုင်ငံလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိနေသည့် တန်ဖိုးမဖြတ်နိုင်သော၊ အားမာန်များနှင့်ပြည့်စုံသော မြန်မာနိုင်ငံမှ လူငယ်များ ပညာကိုကောင်းစွာသင်ကြား၊ အသိပညာ၊ အတတ်ပညာများ တတ်မြောက်ကြပါက လူငယ်များ၏ဉာဏ်ပညာစွမ်းပကားများဖြင့် မိမိတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးများကို ထိရောက်စွာ အကျိုးပြုနိုင်ကြမည်ဖြစ်သည်။

ပညာရေးမြှင့်တင်

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် “ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံသားတိုင်း အသိပညာ၊အတတ်ပညာလိုအပ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကိုအခြေခံသည့်အနာဂတ်ကို ဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် မိမိတို့ရည်မှန်းထားသည့် အနိမ့်ဆုံးအဆင့် KG+9 အဆင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း” လမ်းညွှန်ခဲ့သည်။

ကလေးသူငယ်လူငယ်လူရွယ်များကို မြေတောင်မြှောက်ပေးရာ၌ “ဆရာကောင်းတပည့် ပန်းကောင်းပန်”ဆိုသကဲ့သို့ ဆရာများ အရည်အသွေးမြင့်မားရေးနှင့် လိုအပ်ချက်များ မြှင့်တင်ပေးရေးသည် အရေးကြီးပေသည်။ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာစေရန်အတွက် ပညာရေးဝန်ထမ်းများ လိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများရရှိရေး၊ လုပ်ငန်းခွင်ပျော်ရွှင်မှု ရရှိရေးဖန်တီးပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များကို မွေးထုတ်ရာတွင် ဆရာ ဆရာမများသည် အဓိကတာဝန်ရှိပြီး ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်မှုသာ အနာဂတ်တွင် နိုင်ငံတော်ကအားထားရသည့် အရည်အချင်းပြည့်ဝသောလူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ဘက်စုံပညာရေး

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် ပထမအချက်တွင် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး” အချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်အစိုးရက ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်နေသည်။ ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များအဖြစ် အသိပညာရှင်၊အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာဘာသာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာများ အဆင့်ဆင့်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”ဟူသည့်အချက်ကို ချမှတ်ထားသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာတတ်များ ပေါ်များကြွယ်ဝရန်လိုအပ်ရာ လူငယ်များသည် အဓိကကျသောအရင်းအမြစ်များဖြစ်သည်။ ပညာတတ်ရန်ဆိုသည်ထက် အနာဂတ်နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်း ပခုံးပြောင်းထမ်းဆောင်နိုင်ရေး၌ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်လူရွယ်များ မွေးထုတ်ပေးရန် အရေးကြီးသည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသောလူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့

ပဲခူးမြို့အတွင်း ရေများပြန်လည်ကျဆင်းခဲ့ပြီဖြစ်၍ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

ပဲခူး ဩဂုတ် ၁၅

ပဲခူးမြို့အတွင်း ရေများပြန်လည်ကျဆင်းခဲ့ပြီဖြစ်၍ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခဲ့သည့် အများနှင့်သက်ဆိုင်သော စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစု ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နှင့် ဇိုင်းဂနိုင်းမြောက်ပိုင်း ရပ်ကွက် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းများ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ကျောင်းသုံးပရိဘောဂများ အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးရန်၊ စာသင်ကျောင်းဝန်းကျင် သန့်ရှင်းရေးအပြင် စာသင်ခန်းများအလိုက် ပြန်လည်ဆေးကြောရန်၊ စာသင်ကျောင်းဘေးရှိ ရေနုတ်မြောင်းများ ပိတ်ဆို့မှု မရှိစေရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေး ပြန်လည်ဆေးသုတ်ခြင်းများ ဆောင်ရွက်ရန်၊ သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်၊ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများအထိ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မဇင်းရပ်ကွက် အနောက်ရွှေနံ့သာ ဘုန်းတော်ကြီးကျောင်းနှင့် ဥဿာ (၇) ရပ်ကွက် ပညာမွန်ဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးမှုကြောင့် ပညာမွန်ဘုန်းတော်ကြီးကျောင်းဘေးရှိ မြေပြိုပျက်စီးခဲ့သည့် ဒါးလိုးရိုး(ခ) သဘော်စမ်းရိုးချောင်းအား ကွင်းဆင်းကြည့်ရှုပြီး ရိုးချောင်းကမ်းထိန်းနံရံများ ပြန်လည်ပြင်ဆင်ရန်နှင့် ရိုးချောင်းအား စနစ်တကျ ပြန်လည်တူးဖော်ရန်၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် လမ်းများ အမြန်ဆုံးပြင်ဆင်ရန်နှင့် မြို့တွင်း/မြို့ပြင် သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် တာဝန်ရှိသူများအား ပြောကြားသည်။

ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရသော အများနှင့်သက်ဆိုင်သည့် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား စေတနာရှင်မိသားစုက ဒံပေါက်ထုပ်များ လှူဒါန်းကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် စပါးပင်များ ရှင်သန်ဖြစ်ထွန်းစေရေးနှင့်အထွက်နှုန်းတိုးပွားရေးအတွက် တောင်သူများနှင့်တွေ့ဆုံ

မြစ်ကြီးနား ဩဂုတ် ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ဗလမင်းထင် ကေ ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း ဆင်းကေရီ-၃ အထွက်တိုး မျိုးစပါးများ စိုက်ပျိုးပြီးစီးပြီဖြစ်ရာ စပါးပင်များ ရှင်သန်ဖြစ်ထွန်းစေရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးပွားရေးအတွက် ဩဂုတ် ၁၄ ရက်က ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲကို ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်က ဓာတ်မြေဩဇာ အမျိုးအစားများနှင့် အသုံးပြုရမည့် နည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ် ကြဲပက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်သူများ၏ ကေ ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်နေမှုကို စိုက်ခင်းအတွင်းမှ ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား ပန်းတိုင်အထွက်နှုန်း တိုးရေး၊ လယ်မြေများ အခြားနည်းအသုံးချမှု မရှိစေရေး၊ ကွင်းပြည့်စိုက်ပျိုးနိုင်ရေးနှင့် မိုးစပါးရိတ်သိမ်းအပြီး ဆောင်းသီးထပ်သီးနှံ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေအပါအဝင် သွင်းအားစုများ ပံ့ပိုးကူညီပေးသွားနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

စာမျက်နှာ ၆ မှ

လမ်းကြောင်းမှန်ပေါ်

အနာဂတ်တွင် လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးရေးနှင့်စပ်လျဉ်း၍ “ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်လုပ်ကိုင်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်လူငယ်များကို မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ထိန်းသိမ်းတတ်စေရန်နှင့် တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုကဲ့သို့ အနာဂတ်လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်မှသာလျှင် တိုင်းပြည်၏အနာဂတ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အားကိုးအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက ဩဂုတ်လ ၇ ရက်နေ့တွင် အသစ်ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံ့အနာဂတ်အတွက် အားထားရမည့်လူငယ်များနှင့် ပတ်သက်၍ စိတ်မကောင်းဖွယ်ရာ အခြေအနေများကိုလည်း မြင်တွေ့နေရသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အရေးများ များစွာဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေသည်။ ထို့အပြင် ပညာသင်ကြားပေးသော ဆရာ ဆရာမများအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခဲ့ကြသည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ ထို့အပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များတွင် ပညာသင်ကြားကြရမည့်၊ အလုပ်လုပ်ကိုင်ကြရမည့် လူငယ်များ အများစုပါဝင်နေသည်မှာ နိုင်ငံအတွက် ဆုံးရှုံးမှုသာဖြစ်သည်။

သတိပြုကြရမည်

အထက်တွင် တင်ပြထားသကဲ့သို့ လူငယ်များ၏သဘာဝအတိုင်း လူကြီးမိဘ ဆရာသမားများ၏ ဆုံးမစကားများကို လက်မခံကြဘဲ နိုင်ငံရေးအမှောင့်ပယောဂများ သွတ်သွင်းပေးကြသည့် ၎င်းတို့၏ လူကြီး(ဝါ) ခေါင်းဆောင်စကားကို တစ်သဝေမတိမ်း လိုက်နာပြီး လမ်းမှားသို့ရောက်နေကြသော အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နေသည့် လူငယ်များကို စိတ်မကောင်းဖွယ် တွေ့ကြရမည်ဖြစ်သည်။ ဆရာတင်မှား၊ ရေလိုက်လွဲသောအခါ နောက်ပြန်ဆုတ်မရတော့သည့် ငါးပါးမှောက်သည့်အဖြစ်များကြားတွင် လူငယ်များ ဇွတ်တိုးနေသည်ကိုတွေ့မြင်နိုင်သည်။ ယခုအခါ ပြစ်မှုကြီးကြီးမားမားမကျူးလွန်ခဲ့ကြသောလူငယ်များမှာ လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

လူငယ်လူရွယ်များသည် ပင်ကိုအားဖြင့် အစွမ်းအစရှိပြီးသားဖြစ်သည်။ စာရေးသူတို့အပါအဝင် မိဘဆရာသမားတိုင်းက လူငယ်လူရွယ်တိုင်းကို တိုးတက်ကောင်းမွန်စေလိုသည်။ ဆရာထက်တပည့်က ထက်စေလိုသည်။ အဖထက် သားကသာစေလိုသည်။ အစ်ကိုထက် ညီက မြင့်စေလိုသည်။ သို့မှသာ မျိုးဆက်သစ်များ တိုးတက်ကြီးပွားလာမည်ဖြစ်သည်။ အချို့လူငယ်များသည် တိုးတက်မှုကို မရှာလိုကြ၊ အသိပညာကြွယ်ဝမှုကို လျစ်လျူရှုကြ၊ လောင်းကစား၊ အပျော်အပါးများတွင် အချိန်ဖြုန်းနေသူများလည်းရှိသည်။ တိုးတက်မှုကို ကြိုးစားရှာဖွေနေကြသည့်လူငယ်အချို့မှာလည်း အပေါင်းအသင်းမှား၊ ဆရာတင်မှား၍ လမ်းမှားသို့ရောက်ကြသည်။ ပို၍ဆိုးသည်မှာ နိုင်ငံရေးပယောဂကြောင့် လူကောင်းဘဝမှ ပြင်၍မရတော့သည့် အကြမ်းဖက်သမားဘဝသို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ လူငယ်တို့သည် အစွမ်းအစများ ကိုယ်စီရှိကြသည်။ သို့သော် “လေ့လေ့၊ လေ့ခတ်ကောင်းသော်လည်း ရေကြောင်းမသိက မှောက်တတ်” သကဲ့သို့၊ “လူတော်လူကောင်းဖြစ်သော်လည်း အပေါင်းအသင်းမတတ်က ချောက်ကျ”သကဲ့သို့ အဖြစ်ဆိုးများကို သတိပြုကြရမည်ဖြစ်သည်။

လူငယ်များအား စေတနာစကားပါးလိုပါသည်။ ယနေ့လူငယ်များအတွက် အချိန်သည် တန်ဖိုးအရှိဆုံးဖြစ်သည်။ လူတစ်ယောက်ဘဝတွင် မည်သည့်အခါမှ ပြန်မရနိုင်သည့်အရာမှာ အချိန်ဖြစ်သည်။ အချိန်လွန်မှ နောင်တမရစေရန် အချိန်ရှိခိုက် လုံ့လစိုက်၍ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ကြိုးပမ်းစွမ်းဆောင်ကြပါ။ ပညာသင်ချိန်အရွယ်တွင် ပညာကို ကြိုးစားသင်ယူပါ၊ စာဖတ်ပါ။ အလုပ်လုပ်သောအချိန်တွင် အလုပ်ကို ကြိုးစားလုပ်ကိုင်၍ စုဆောင်းပါ။ မိမိကိုယ်ကို ယုံကြည်စိတ်အပြည့်ဖြင့် နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အစွမ်းကုန်ကြိုးစားသွားကြပါရန် ဆန္ဒပြုလိုက်ပါသည်။ ။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ တစ်ခဲနက်လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့်ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ စတင်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများသည် စိတ်အားထက်သန်စွာဖြင့် တစ်ခဲနက်လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

နံနက်ပိုင်းမှ စတင်၍ ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရန်အတွက် ဘုရားကြီးမုခ်ဦးများရှေ့တွင် စနစ်တကျတန်းစီစောင့်ဆိုင်း၍ တာဝန်ရှိသူများ၏ လုံခြုံရေးအရ စစ်ဆေးခြင်းများကို ခံယူလျက် ဘုရားပရိဝုဏ်အတွင်းသို့ စနစ်တကျဝင်ရောက်ကြပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက်လည်း မော်တော်ယာဉ်ငယ်များ စီစဉ်ဆောင်ရွက်ထားရှိပြီး ပို့ဆောင်ပေးကြသည်။

စည်ကားများပြား

ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံစေတီတော် ၇၂၀ ဆူ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ အဂ္ဂါမိပတိသာသနဗိမာန်တော် စသည့်ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အဦများကို လေ့လာဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာပွားများ အားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်း ပြုလုပ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကာ တရားဓမ္မအသံတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကိုလည်း တွေ့မြင်ရပြီး ညပိုင်းအထိပင် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြပြီး သက်ဆိုင်ရာနေရာများအသီးသီး၌ ထားရှိသည့် အလှူခံပုံး အသီးသီးတွင်လည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြကာ ခုနစ်ရက်သားသမီးအလှူရှင်များ အနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ်သီးစုံဒံပေါက်များကိုလည်း အာဟာရဒါနစတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ ဖူးမြော်ကြည်ညို ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

လေ့လာကြည့်ရှုနိုင်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၀ ရက်နှင့် နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသားလူကြီးတစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် 10 USD နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com ၊ www.twitter.com/Maravijaya– နှင့် t.me/Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

အောင်ရဲသွင်၊
ဓာတ်ပုံ – ကိုအေးသန်း

ကမ္ဘာမှာတစ်ဆူပဲရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရတာ အလွန်ကို ဝမ်းသာပီတိဖြစ်မိပါတယ်

ဦးအာစိဏ္ဏ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့်ရခဲ့သည့် ဝမ်းသာပီတိရင်တွင်း ခံစားချက်များကို ရေးသားဖော်ပြလိုက်ရပါသည်။


ဦးအာစိဏ္ဏ


မောင်ပြည့်စုံမောင်

ဒေါ်ကြည်ကြည်လှ


ဦးချစ်လှိုင်

မရီလတ်

ဒေါ်နှင်းပပလှိုင်

ဦးအာစိဏ္ဏ (ရမည်းသင်းမြို့နယ်)

ဘုရားကြီး စတည်ကတည်းက လာရောက်ဖူးမြော်ချင်ခဲ့တာပါ။ ခရီးသွားရင်တော့ အမြန်လမ်းကနေ လှမ်းပြီးဖူးနေခဲ့ရပါတယ်။ စကျင်ကျောက်တုံးကြီးတွေ သယ်တုန်းကလည်း တံတားဦးတိုးဂိတ်မှာ နှစ်ခါလောက်ဖူးခဲ့ရတယ်။ အဲဒီအချိန်ကတည်းက အားရဝမ်းသာရှိနေခဲ့တာပါ။ မြန်မာနိုင်ငံမှာ ဉာဏ်တော် ဒီလောက်မြင့်တဲ့ ကျောက်ဆစ်ဘုရားကြီး မမြင်ဘူးဖူး။ ရှိလည်း မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီလိုဘုရားမျိုးဟာ ဒီတစ်ဆူပဲရှိတဲ့အတွက် အလွန်ကို ဝမ်းသာပီတိဖြစ်မိပါတယ်။ ကမ္ဘာမှာလည်း ကျော်ကြားနေပါပြီ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဒီဘုရားကြီးနဲ့ပတ်သက်လို့ ကမ္ဘာမှာ လူသိများနေပါပြီ။ နိုင်ငံတော်အစိုးရကလည်း အားကြိုးမာန်တက်နဲ့ ဗုဒ္ဓဘာသာတည်တံ့နိုင်အောင် ထုဆစ်ပူဇော်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ သတင်းစာနဲ့ရုပ်မြင်သံကြားတွေမှာလည်း ဘုရားကြီးအား စည်ကားများပြားစွာ လာရောက်ဖူးမြော်ကြတယ်ဆိုတာကို နေ့စဉ်တွေ့ခဲ့ရပါတယ်။ ဒါကြောင့် လာဖြစ်အောင်ကို လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို တည်ဆောက်ပူဇော် ပေးကြသူတွေ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ မကြာခဏလာရောက် ဖူးမြော်ဖို့ကိုလည်း ရည်မှန်းထားပါတယ်။ ဒါယကာ၊ ဒါယိကာမတွေလည်း လာရောက်ဖူးမြော် ကြစေလိုပါတယ်။

မောင်ပြည့်စုံမောင်
(ကျောင်းသား နေပြည်တော်၊ ဇေယျာသီရိမြို့နယ်)

မာရဝိဇယ ဘုရားကြီးအား ဖူးမြော်ဖို့ ကျွန်တော်တို့ကျောင်းကလိုက်ပို့ပေးတာ ဖြစ်ပါတယ်။ ဘုရားကြီးအား ရုပ်မြင်သံကြားတွေ၊ သတင်းစာတွေမှာ မြင်ဖူးပေမယ့် ကိုယ်တိုင်လက်တွေ့ဖူးမြင်လိုက်ရတဲ့အခါမှာ အလွန်ကို အံ့ဩမိပါတယ်။ ကျွန်တော့်စိတ်ထဲ အဲဒီလောက်ဉာဏ်တော် မြင့်လိမ့်မယ်လို့ မထင်မိဘူး။ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်တာပါ။ ဒါကြောင့် ဒီဘုရားကြီးအား တည်ထားပူဇော်ဆောင်ရွက်ခဲ့ကြတဲ့ အင်ဂျင်နီယာပညာရှင်တွေ၊ ဗိသုကာပညာရှင်တွေကို ချီးကျူးမိပါတယ်။ သူတို့လို တော်တဲ့သူဖြစ်အောင် ကြိုးစားသွားဖို့လည်း ဘုရားကြီး စရောက်ကတည်းက ဆုံးဖြတ်ချက် ချထားပြီးပါပြီ။ ဘုရားကြီးအား မဖူးမြော်ရသေးတဲ့ အိမ်ကမိသားစုကိုလည်းဖုန်းဆက်ပြီး လာရောက်ဖူးမြော်ကြဖို့ ပြောထားတယ်။ ဒီလိုသူငယ်ချင်းတွေနဲ့လည်း ဘုရားဖူးသွားရတာပျော်ရွှင်မိပါတယ်။ တခြားမြို့နယ်တွေက ကျောင်းသား ကျောင်းသူတွေလည်း လာရောက်ဖူးမြော်ကြပါလို့ ပြောကြားလိုပါတယ်။

ဒေါ်ကြည်ကြည်လှ
(နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်)

အရင်ရက်တွေ ကတည်းက လာရောက်ဖူးမြော်ဖို့ ကြိုးစားနေခဲ့ပေမယ့် အလုပ်မအားတဲ့အတွက် အခုမှ လာရောက်ဖြစ်တာပါ။ မနက်စောစော လူရှင်းမယ် ထင်ခဲ့ပြီးလာခဲ့ပေမယ့် အံ့ဩစရာကောင်းလောက်အောင် ဘုရားဖူးပြည်သူတွေ များပြားနေတာတွေ့ရပါတယ်။ ဘုရားရဲ့ တန်ခိုးတော်ကြောင့်ပဲ ရာသီဥတုက သာယာနေတဲ့အတွက် အေးအေးဆေးဆေးနဲ့ ဖူးမြော်ခွင့်ရခဲ့ပါတယ်။ ဘုရားရင်ပြင်တော်မှာလည်း နေ့ခင်းရောက်လာတာနဲ့ အမျှ ဘုရားဖူးသူတွေ အလွန်များပြားလာပါတယ်။ တကယ့်ကို ကြည်နူးပျော်ရွှင်ဖွယ်ကောင်းတဲ့ မြင်ကွင်းပါ။ ဘုရားကြီးရဲ့ မျက်နှာတော်ကလည်း လွန်စွာကြည်ညိုစရာကောင်းလွန်းလှပါတယ်။ နောက်ပြီး တည်ထားပူဇော်ထားတဲ့ သာသနိကအဆောက်အဦတွေကိုသွားရောက်လေ့လာရတာလည်း ပင်ပန်းတယ်လို့ကို မခံစားရပါဘူး။ ဒါကြောင့် လာဖြစ်အောင်လာပြီး ဖူးမြော်ကြပါလို့ တိုက်တွန်းလိုပါတယ်။

ဦးချစ်လှိုင်(နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်)

ကျွန်တော့်အနေနဲ့ မာရဝိဇယ ဘုရားကြီးအားလာရောက်ဖူးမြော်ရတာ အတော်ကို ဝမ်းသာအားရရှိပါတယ်။ ဒီဘုရားကြီးက ကျွန်တော့်အတွက်တော့ အံ့ဩစရာတွေနဲ့ ပြည့်နှက်နေပါတယ်။ ဘုရားကြီးပရိဝုဏ်အတွင်းမှာရှိတဲ့ ဗိသုကာလက်ရာတွေကလည်း အဆင့်အတန်းမြင့်မြင့်နဲ့ လက်ရာမြောက်တာတွေ့ရတော့ လာရောက်ဖူးမြော်ရကျိုးနပ်ပါတယ်။ ဘုရားကြီးဟာ မြန်မာနိုင်ငံမှာ သာမက ကမ္ဘာမှာပါ အထင်ကရဘုရား တစ်ဆူဖြစ်လို့ အထူးဝမ်းမြောက်ပြီး ဂုဏ်ယူမိပါတယ်။ ဘုရားကြီးဘေးမှာရှိတဲ့ ဂန္ဓကုဋိတိုက်တော်တွေ အတွင်းက ဗိသုကာလက်ရာတွေကလည်း မြင်ဖူးတဲ့ လက်ရာတွေထဲမှာ အပြောင်မြောက်ဆုံးလို့ ထင်မြင်မိပါတယ်။ အခွင့်အခါ ရတိုင်းလည်း လာရောက်ဖူးမြော်ဦးမှာ ဖြစ်ပါတယ်။

မရီလတ်
(ပျဉ်းမနားမြို့နယ်)

ဒီဘုရားကြီးက ကြီးကျယ်ခမ်းနားပြီး အခုမှတည်ပြီးတာဆိုတော့ စိတ်ထဲမှာ ဖူးမြော်ချင်စိတ်တွေဖြစ်မိလို့ လာဖူးတာဖြစ်ပါတယ်။ ဘုရားကြီးက မြန်မာနိုင်ငံမှာ ဉာဏ်တော်အမြင့်ဆုံးလည်းဖြစ်၊ ကြည်ညိုဖွယ်လည်းဖြစ်တော့ ဂုဏ်ယူမိပါတယ်။ မအားတဲ့ကြားက လာရောက်ဖူးမြော်ရတာ လာရကျိုးနပ်တယ်လို့ ပြောချင်ပါတယ်။ ကျွန်မ နိုင်ငံတွေတော်တော်များများက စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ဘုရားတွေကို ဖူးမြော်ဖူးပါတယ်။ အဲဒီ ရုပ်ပွားတော်မြတ်ကြီးတွေထဲမှာ မာရဝိဇယဘုရားကြီးက ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်ပြီးတော့ တော်တော်လည်း ခမ်းနားထည်ဝါပါတယ်။ မြန်မာနိုင်ငံမှာ တည်ထားတယ်ဆိုတော့ ပိုပြီးဂုဏ်ယူတယ်။ ဗိသုကာပိုင်းကိုလည်း နားမလည်ဘူးဆိုပေမယ့် ကြည့်လိုက်တာနဲ့တင် လက်ရာမြောက်တယ်ဆိုတာ ထင်ရှားနေပါ တယ်။ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေကလည်း ဒီလောက် ခမ်းနားသပ္ပာယ်တဲ့ ဘုရားကြီးအား ဖူးမြော်ဖို့လာချင်နေကြလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် မရောက်ရောက်အောင် လာဖူးကြ ပါ။ လာဖူးရကျိုးနပ်ပါလိမ့်မယ်လို့ ပြောချင်ပါတယ်။

ဒေါ်နှင်းပပလှိုင်
(ကျောင်းဆရာမ၊ နေပြည်တော် ဇေယျာသီရိမြို့နယ်)

ဒီနေ့ကတော့ ကျွန်မတို့ကျောင်းမှာရှိတဲ့ အလယ်တန်းပြဆရာ ဆရာမတွေ ဦးစီးပြီးတော့ Grade 6, Grade 8, Grade 9 အတန်းတွေက ကျောင်းသား ကျောင်းသူလေးတွေနဲ့ လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ဘုရားကြီးအား ဖူးမြော်ချင်နေတာကြာပါပြီ။ ရုပ်မြင်သံကြားနဲ့ လူမှုကွန်ရက် စာမျက်နှာတွေထဲမှာတော့ ခဏခဏဖူးနေရပါတယ်။ အခုကတော့ တပည့်သားသမီးတွေနဲ့ စုစုရုံးရုံးနဲ့ လာဖူးရတော့ ဝမ်းသာပီတိတွေက ပြောမပြတတ်အောင်ပါပဲ။ ကိုယ့်မြန်မာနိုင်ငံမှာ ကြီးကျယ်ခမ်းနားပြီး သပ္ပာယ်လှတဲ့ ဘုရားကြီးရှိတယ်ဆိုတော့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း နေပြည်တော်မှာနေတယ်ဆိုတော့ ခဏခဏဖူးမြော်ခွင့်ရမှာဖြစ်တဲ့အတွက် ပိုတောင်ဝမ်းသာမိပါတယ်။ ရပ်ဝေးက ပြည်သူတွေကလည်း မရောက်ရောက်အောင် လာဖူးကြပါလို့ ဖိတ်ခေါ်ပါတယ်။

အောင်ရဲသွင်
ဓာတ်ပုံ - ကိုအေးသန်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ရေဦး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ် ရဲတပ်ဖွဲ့နှင့် ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က အောင်ချမ်းသာရပ်ကွက်ရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက ဆိုင်ကယ်မောင်းနှင်လျှင်ဖြစ်စေ၊ လိုက်ပါစီးနင်းလျှင်ဖြစ်စေ ဆိုင်ကယ်စီး ဦးထုပ်ဆောင်း၊ မေးသိုင်းကြိုးတပ် စီးနင်းကြရန်၊ နောက်ကြည့်ဘက်မှန်တပ်ဆင်အသုံးပြု သွားကြရန်၊ အနိမ့်ရှေ့ မီးထွန်းမောင်းနှင်ကြရန်နှင့် မကြာမီ ရက်ပိုင်းအတွင်း စစ်ဆေးမှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်ဝင်းလှိုင်က မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပါ မော်တော်ဆိုင်ကယ်မောင်းနှင်သူ လိုက်ပါစီးနင်းသူများ လိုက်နာကြရမည့်အချက်များ အသိပညာပေး ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်း စာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အိမ်မဲမြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

အိမ်မဲ ဩဂုတ် ၁၅

အိမ်မဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အိမ်မဲပြည်သူ့ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအကြောင်း ရှင်းလင်းကာ အာဟာရတန်ဖိုးများအကြောင်း အသိပညာပေးခြင်း၊ စံပြဆုရရှိသော မိခင်များအား စံပြမိခင်ဆုချီးမြှင့်ခြင်း၊ အသက် ၆ လမှ ၅ နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေ တိုက်ကျွေးခြင်း၊ အသက်၂ နှစ်မှ ၅ နှစ်အောက်ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး၍ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး သရုပ်ပြပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အရာထမ်း၊ အမှုထမ်း ၂၁၅ ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၆၄ ဦး တက်ရောက်ကြသည်။

Myanmar Electronic Voting Machine (MEVM) စက်သည် ထိန်းချုပ်စက် (Control Unit)၊ ဆန္ဒပြုစက် (Ballot Unit)၊ ဆန္ဒပြုချက် မှန်ကန်မှု ရှိ/မရှိ ပြသသောစက် (Verification Unit)၊ မဲပုံးနှင့် ဘက်ထရီများ ဖွဲ့စည်းတည်ဆောက်ထားရှိပြီး မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ခြင်း၊ မဲပေးစက်ကို ထုပ်ပိုးသိမ်းဆည်းခြင်းနှင့် မဲပေးစက်၏ လုံခြုံစိတ်ချရမှုအပိုင်းနှင့် စပ်လျဉ်း၍ ၎င်းမဲပေးစက်သည် အင်တာနက်၊ ဝိုင်ဖိုင်၊ Bluetooth စနစ်များ ပါဝင်မှုမရှိခြင်း၊ ကွန်ပျူတာများကဲ့သို့ ဝင်းဒိုးစနစ်များ ပါဝင်မှုမရှိခြင်း၊ USB Output စနစ်များ ပါဝင်မှုမရှိခြင်းတို့ကြောင့် အလွန်ရိုးရှင်းပြီး လုံခြုံစိတ်ချရသောစနစ်ဖြစ်သည်။

ယင်းမဲပေးစက်ကို အသုံးပြုမဲပေးခြင်းဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာဖြင့် ရေတွက်နိုင်မည်ဖြစ်သည်။ စက်ဖြင့် မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့ရသော မဲမသမာမှုများ မဖြစ်ပေါ်နိုင်သည့်အပြင် ပယ်မဲများ မရှိတော့သည့်အတွက် မဲဆန္ဒရှင်များ၏မဲများ ပယ်မဲကြောင့် အဟောသိကံဖြစ်ခဲ့ရခြင်းများလည်း မရှိနိုင်တော့သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနန်ပန်တက်စ်နည်းပညာကုမ္ပဏီသို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် “(၇)ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ”သို့ တက်ရောက်ရန် ကူမင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ယူနန်စက်မှုဖွံ့ဖြိုးရေးဇုန်၌တည်ရှိသော ယူနန်ပန်တက်စ် နည်းပညာကုမ္ပဏီ (Yunnan Pan Test Technology Company) သို့ သွားရောက်လေ့လာရာ ကုမ္ပဏီမှတာဝန်ရှိသူများက လယ်ယာထွက်ကုန်များ စမ်းသပ်စစ်ဆေးနေမှု အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စု ဝန်ကြီးက ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးမှု လုပ်ငန်းများနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အဆင့်မီဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာများကို လည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စွာဖြင့် တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များကို လည်းကောင်း ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ယူနန်ပြည်နယ် အစိုးရ အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၁) သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်/နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရှိမှသာ ပညာရေးသာမက အားကစားတွင် ထူးချွန်ထက်မြက် အောင်မြင်သူများ ဖြစ်လာနိုင်ကြောင်း၊ ယခင်က အားကစားတွင် “စည်းကမ်းသည် ပထမ၊ စံချိန်သည် ဒုတိယ” ဟူသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး မိမိရောက်ရှိ တာဝန်ယူချိန်မှစ၍ ကျန်းမာရေးကောင်းမွန်မှသာ အရာအားလုံးကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် “ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယ” ဟု ပြောင်းလဲပြင်ဆင် ဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများ၊ ဆရာ၊ ဆရာမများအနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အားကစားကွင်း၊ အားကစားရုံများနှင့် အားကစား အထောက်အကူပြုပစ္စည်းများအသုံးပြုရန် လိုအပ်ပါက အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်း/ခရိုင်/ မြို့နယ်များမှ အားကစားမှူးများ၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်း၍ အသုံးပြုနိုင်ကြောင်း၊ လိုအပ်သည့်အားကစား အထောက်အကူပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ရှိ FRIENDSHIP POWER ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘောလုံးအားကစားကွင်းတွင် မြက်အသစ်စိုက်ပျိုးနိုင်ရေးအတွက် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးနှင့် အရည်အသွေးပြည့်မီကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မြားပစ်အားကစားလေ့ကျင့်ရေးကွင်းတွင် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် လူငယ်မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများအား ကျန်းမာရေး အထူးဂရုစိုက်ကြရန်၊ အောင်မြင်မှုရရှိစေရန် မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

သတင်းစဉ်

ရတနာပုံတက္ကသိုလ်တွင် လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး စာပေဟောပြောပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး စာပေဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ၏အနာဂတ်ကို ပခုံးပြောင်း တာဝန်ယူကြမည့် စွမ်းအားရှင်များ၊ ခေါင်းဆောင်များ၊ တိုင်းပြည်ကို ပုံဖော်ထုဆစ်မည့် ဗိသုကာလောင်းများဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်ပြီး စာပေဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ လူငယ်များ၏ အနာဂတ်အတွက် များစွာ အထောက်အကူပြုသည့် အသိပညာ ဟောပြောပွဲများ၊ စာပေဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများကို ပြုလုပ်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) အား အမှတ်တရ လက်ဆောင်ပစ္စည်းကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အား စာရေးဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) က စကားစွမ်းရည်စာအုပ်ကို လည်းကောင်း ပေးအပ်ကြပြီး (ဝဲပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက်စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ) က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများ စိတ်ခွန်အားဖြစ်စေမည့် အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည် ဖြေကြားခဲ့ကြောင်း၊ အဆိုပါ စာပေဟောပြောပွဲသို့ ရတနာပုံတက္ကသိုလ် အထူးပြုဘာသာရပ် ၂၈ ခုမှ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များအပါအဝင် စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၁၅

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) စတင်တည်ထောင်သည့် နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

၁၉၉၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ကျင်းပရာ လေကြောင်းနှင့်ဆက်စပ်သည့် ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ MAI လေကြောင်းလိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သံရုံးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပနိုင်ငံများရှိ MAI နှင့် မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) လေကြောင်းလိုင်း တာဝန်ရှိသူများက လေကြောင်းလိုင်း စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယနေ့အချိန်ထိ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းနှင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း လေကြောင်းလိုင်းကို အခက်အခဲမျိုးစုံကြားမှ ရှင်သန်ရပ်တည်နိုင်အောင် ကြိုးစားခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) လေကြောင်းလိုင်းအနေဖြင့် အနာဂတ်တွင် မြန်မာလေကြောင်းလောက တိုးတက်လာစေရန်အတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြသကာ မိတ်ဖက်ကုမ္ပဏီများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းဖြစ်ပြီး ပြည်တွင်းပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲသည့် လုပ်ငန်းတစ်ခုတည်းသာမက လေယာဉ်ဖြင့် ခရီးသွားသည့် ခရီးသည်များ လေယာဉ်ပေါ်တွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးနိုင်ရန်အတွက် MAI Inflight Catering Services နှင့် Myanmar Auspicious Life Bakery & Kitchen လုပ်ငန်းကိုပါ ဆောင်ရွက်လျက်ရှိသည့်အပြင် Aviation နှင့်သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် သင်တန်းများကိုပါ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အနေဖြင့် ယခုအခါ Air Bus Fleet၊ Embraer E–190 Fleet နှင့် ATR–72 Fleet လေယာဉ် စုစုပေါင်း ၁၅ စင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို ပုံမှန် Schedule Flight အပြင် Charter Flight များကိုပါ ပျံသန်းပြေးဆွဲလျက်ရှိပြီး လာမည့် ၂၀၂၄–၂၀၂၅ ခုနှစ်တွင် လေယာဉ်အစင်းရေ ၂၅ စင်းအထိ တိုးချဲ့ကာ မြန်မာနိုင်ငံသားများ ဂုဏ်ယူရမည့် အင်အားကြီး လေကြောင်းလိုင်းတစ်ခုဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုညီလေး

မန္တလေးမြို့၌ ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ဆန်များရောင်းချပေး

မန္တလေး ဩဂုတ် ၁၅

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ) မှ မန္တလေးမြို့နေ စားသုံးသူပြည်သူများအတွက် ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ဆန်များကို အသင်းခွဲရုံးတည်ရှိရာ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းတွင် ယနေ့နံနက် ၉ နာရီခွဲမှစတင်၍ တစ်ဦးလျှင် ဆန်သုံးပြည်ပါ တစ်အိတ်ကို ငွေကျပ် ၈၀၀၀ နှုန်းဖြင့် စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အသင်းအနေဖြင့် ဆန်ဈေးကွက်တည်ငြိမ်စေရေး၊ စားသုံးသူများ

သက်သာသော ဈေးနှုန်းဖြင့် ဆန်ဝယ်ယူနိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ ဆန်သား ၆၅ ရာခိုင်နှုန်းရှိသည့် ဧည့်မထဆန် (စူပါဖိုက်အမျိုးအစား) သုံးပြည်ပါ ဆန်အိတ်ပေါင်း ၂၈၀၀ ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ) ဥက္ကဋ္ဌ ဦးဌေးလွင်က ပြောသည်။

"ဒီနေ့ အိတ်ပေါင်းတစ်ထောင်ရောင်းပေးပြီးရင် နောက်ရက်မှာ ရောထွန်းရပ်ကွက်ဘက်နဲ့ အမရပူရာဘက်သွားရောင်းမှာပါ။ မန္တလေးမှာ ရောင်းမှာက စုစုပေါင်းအိတ် ၂၈၀၀ ပါ" ဟု ၎င်းက ပြောသည်။

ဆန်ရောင်းချရာ အသင်းရုံးသို့ လာရောက်ဝယ်ယူသူတစ်ဦးက "လျှော့ဈေးနဲ့ ဆန်ရောင်းတယ်ဆိုလို့ လာဝယ်တာပါ။ ဧည့်မထဆန် ဖြစ်တော့ စားလို့အဆင်ပြေမှာပါ။ ဆန်လိုပဲ အခြားစားသောက်ကုန်တွေကိုလည်း ဈေးသက်သာစွာနဲ့ ရောင်းချပေးဖို့ စီစဉ်ပေးစေချင်ပါတယ်" ဟု ပြောသည်။

ထိုသို့ ရောင်းချရာတွင် ဆန်သုံးပြည်ပါ အိတ်ပေါင်း ၂၈၀၀ ကို မန္တလေးတိုင်းဒေသကြီး အသင်းခွဲက ဦးဆောင်၍ နေ့စဉ်ဝင်ငွေနည်းပါးသူ အများစုရှိရာ ရပ်ကွက်များကို ရွေးချယ်၍ အစုအဖွဲ့လိုက် ခွဲဝေရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၄ စီး၊ Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD D1 အမျိုးအစား လျှပ်စစ်သုံးယာဉ် အစီး ၂၀၊ BYD Tang အမျိုးအစား လျှပ်စစ်သုံးယာဉ် သုံးစီး၊ စုစုပေါင်း လျှပ်စစ်သုံးယာဉ် ၃၇ စီးနှင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော Segway အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၄၈ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။**သတင်းစဉ်**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေး ပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Charity ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာလိုင်စင်ရ ကန်ထရိုက်တာအများနှင့်သက်ဆိုင်သော ကုမ္ပဏီတို့မှ ပေးပို့သော Lip Channel ၁၀၅ တန်၊ ဒေါင့်သံချောင်း ၆၅၉ တန်၊ စတီးပြားအထူတန် ၂၀၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ ကိုးတန်၊ ဆန် ၂၄ ပြည် ၃၃၄၀၇ အိတ်၊ ဆန် ၆ ပြည်အိတ် ၅၀၀၀၊ ပဲအိတ် ၅၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀၀၊ ဆီ ၁ လီတာဘူး ၁၀၀၀၀၊ အဝတ်အထည် ၂၅ ဖာ စုစုပေါင်း ၂၇၀၈ ဒသမ ၀၁ တန်တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့ မွန်းလွဲပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

■ *ကျော်ဖုံးမှ*

(၁၅၀) ကြား၊ မိုင်တိုင်(၁၅၀)နှင့် (၁၅၁)ကြား ကားလမ်းမတွင် မြေပြိုကျပြီး လမ်းပိတ်သွားသည့်အတွက် လမ်းပေါ်ပြိုကျသည့် မြေသားများကို ဖယ်ရှားရှင်းလင်းခဲ့ကာ အဆိုပါနေရာနှစ်ခုကြားတွင် ပိတ်မိနေသော ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် မြဝတီဘက်သို့ လမ်းတစ်ခြမ်းဖွင့်၍ ပြန်လည်ထွက်ခွာစေခဲ့ခြင်းဖြစ်သည်။

ယနေ့ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် အာရှလမ်းမကြီး မိုင်တိုင်အမှတ် (၁၅၅) နှင့် (၁၅၆) ကြားတွင် မြေသားအနည်းငယ် ထပ်မံပြိုကျလမ်းပိတ်ခဲ့ပြီး အမြန်ဆုံး ရှင်းလင်းဖယ်ရှားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မိုင်တိုင်(၁၄၉)နှင့်(၁၄၉ ဒသမ ၅) ကြားတွင် ကားလမ်းအောက်ခံမြေသားအကျယ် ၃၃ ပေရှိ ကတ္တရာခင်းကားလမ်း အရှည်ပေ ၁၅၀ ခန့် ပွဲကျသည့်နေရာကိုလည်း ဩဂုတ် ၁၀ ရက်မှစ၍ ယာယီဘေလီတံတားထိုးနိုင်ရေး လမ်းပြင်ဆင်မှုနှင့်ပတ်သက်သည့် ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိပြီး ယာဉ်ယန္တရားများဖြင့် လမ်းပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုအခြေအနေကောင်းမွန်ပြီး လုပ်အားအပြည့်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ပါက သတ်မှတ်ရက်ထက် ပိုမိုဆောလျင်စွာ ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလမ်း ပြင်ဆင်ပြီးမှသာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို ပြန်လည်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ ယခုကာလအတွင်း လူစီးယာဉ်များနှင့် ပစ္စည်းသယ်ယာဉ်ငယ်များကို ယခင်အသုံးပြုခဲ့သည့် မြဝတီ-ကော့ကရိတ် လမ်းဟောင်းဖြစ်သော ထို့ကော်ကိုးလမ်းပိုင်းမှ နေ့စဉ်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း ကရင်ပြည်နယ် လမ်းဦးစီးဌာနမှ သိရသည်။

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်စည်စီးဆင်းရာတွင် အဓိကကျသော စီးပွားရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းပိုင်းတွင် ပါဝင်ကာ မြန်မာနိုင်ငံမှ ပြောင်း၊ ရော်ဘာ အစရှိသော ဒေသထုတ်ကုန်များ တင်ပို့ရောင်းချရာတွင် အသုံးပြုသောလမ်းဖြစ်သည့်အပြင် မြဝတီမြို့မှ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသော လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ Facebook ကဲ့သို့ Online Media များတွင် ရောင်းချနေသော အချို့တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင် ထိရောက်မှုအတွက် အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

❖ *ကျော်ဖုံးမှ*

ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❒ *ကျော်ဖုံးမှ*

အတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည့်အတွက် ပွဲစသည်နှင့် တစ်ပြိုင်နက် ပြိုင်ဆိုင်မှုပြင်းထန်ကာ အကြိတ်အနယ်ရှိခဲ့သည်။ ပြိုင်ဘက် ဝုဖ်အသင်းက မန်ယူအသင်းထက် ကစားပုံ ပိုမိုကောင်းမွန်မှုရှိသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များစွာရှိနေသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းက ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်သာ ရရှိခဲ့ပြီး ပြိုင်ဘက် ဝုဖ်အသင်းက ၂၃ ကြိမ်အထိ ရရှိခဲ့သည်။

မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ဝမ်ဘစ်ဆာကာ၏ ဖန်တီးမှုမှ ခံစစ်ကစားသမား ဗာရာနီက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ အဆိုပါ သွင်းဂိုးသည် မန်ယူအသင်းအတွက် သုံးဂိုးမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၉ ရက်တွင် မန်ယူအသင်းက အသင်းကြီး စပါး၊ ဝုဖ်အသင်းက ကစားရခက်ခဲသည့် ဘရိုက်တန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

လေယာဉ်ပြဿနာကြောင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး သုံးနိုင်ငံခရီးစဉ်ဖျက်သိမ်း

ဘာလင် ဩဂုတ် ၁၅

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာဘဲလ်ဘတ်သည် ဩဂုတ် ၁၅ ရက်က ၎င်း၏ဩစတြေးလျ၊ နယူးဇီလန်နှင့် ဖီဂျီနိုင်ငံတို့သို့ သွားရောက်မည့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းလိုက်သည်။

မိမိတို့အရာရာကြိုးစားခဲ့ကြောင်း၊ သို့သော်လည်း ကံမကောင်းစွာနှင့်ပဲ အခြေအနေအကြောင်းကြောင်းတွေကြောင့် ခရီးစဉ်ဆက်လက်ထွက်ခွာရန်မည်သို့မျှ မဖြစ်နိုင်ခဲ့ကြောင်း အွန်လိုင်းပလက်ဖောင်းတစ်ခုဖြစ်သည့် X တွင် ဘဲလ်ဘတ်က ပြောကြားခဲ့သည်။ ယခုကိစ္စက ပိုပြီးစိတ်ကသိကအောက်ဖြစ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘဲလ်ဘတ်သည် ဩစတြေးလျနိုင်ငံသို့ လေကြောင်းခရီးသွားရာတွင် ဩဂုတ် ၁၄ ရက်က အာဘူဒါဘီလေဆိပ်၌ ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။ လေယာဉ်၏စက်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဩစတြေးလျသို့ ဆက်လက်ထွက်ခွာမည့် အစီအစဉ်ပျက်ခဲ့ပြီး ဝန်ကြီးများ လိုက်ပါသွားသော အဲယားဘတ်စ် A340-300 လေယာဉ်သည်လည်း အာဘူဒါဘီသို့ ပြန်လည်ဆင်းသက်ခဲ့ရသည်။ လာမည့် သီတင်းပတ်များတွင် ပျက်နေသော A340 အမျိုးအစား လေယာဉ်နှစ်စင်းကို ပြန်လည်ယူဆောင်သွားတော့မည်ဖြစ်ကြောင်း ဂျာမနီလေတပ်က လူမှုမီဒီယာကွန်ရက်တစ်ခုဖြစ်သော X တွင် ပြောကြားခဲ့သည်။

အစိုးရလေယာဉ်များနှင့်ပတ်သက်ပြီး ယခုလိုဖြစ်ရပ်သည် နောက်ဆုံးဖြစ်ရပ် တစ်ခုဖြစ်သည်။ လွန်ခဲ့သော မေလက ဘဲလ်ဘတ်၏ ကာတာအပြန်ခရီးစဉ်သည်လည်း နှောင့်နှေးကြန့်ကြာခဲ့ဖူးသည်။

ဆင်ဟွာ

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာဘဲလ်ဘတ်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၅၅ ဦးရှိလာ

နယူးဒေလီ ဩဂုတ် ၁၅

လွန်ခဲ့သော နှစ်ရက်က အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူဦးရေမှာ ယခုအခါတွင် ၅၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အရာရှိများက ဩဂုတ် ၁၅ ရက်၌ ပြောကြားလိုက်သည်။

သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဆူခါဗင်ဒါ ဆင်းဂ်ဆူခူးက ပြောကြားလိုက်သည်။

ဇွန် ၂၄ ရက် မုတ်သုံရာသီ စတင်ဝင်ရောက်ချိန်မှစကာ ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ်သည် မိုးသည်းထန်စွာရွာသွန်းခြင်းကို ကြုံတွေ့ခံစားခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုခြင်း၊ ရုတ်တရက် မိုးသက်မုန်တိုင်းကျရောက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ အိမ်ပြိုခြင်း၊ ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပွားခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့သည်။

ဩဂုတ် ၁၄ ရက်က နွေရာသီတောင်ကုန်း (Summer Hill) ရှိဘုရားကျောင်းတစ်ကျောင်းသည် မြေပြိုခြင်းကို ကြုံတွေ့ခဲ့ရပြီး ဘုရားကျောင်းအတွင်း လူ ၃၀ မှ ၃၅ ဦးအထိ ပိတ်မိနေခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့က အရာရှိတစ်ဦးဖြစ်သူ နာဖီးလ်ခန်က ပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း သေဆုံးသူ ၁၁ ဦးကို တူးဖော်တွေ့ရှိခဲ့သည်။ ပြည်နယ်အတွင်း ဇွန် ၂၄ မှစကာ ဩဂုတ် ၁၄ ရက်အထိ လူပေါင်း ၂၈၃ ဦး သေဆုံးခဲ့ပြီး အခြား ၃၀၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် မိုးနှင့်ဆက်စပ်သော သဘာဝဖြစ်စဉ်များကြောင့် လူ ၃၃ ဦးလည်း ပျောက်ဆုံးလျက်ရှိသည်။

သဘာဝဘေးဒုက္ခကြောင့် လမ်းမကြီးပေါင်း ၈၅၇ ခု ပိတ်ထားခဲ့ရကြောင်းလည်း သိရသည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာ

ဟနွိုင်း ဩဂုတ် ၁၅

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်း၌ ယခုနှစ် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၁၈၀ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၇ ဆ မြင့်တက်လာကြောင်း ဩဂုတ် ၁၅ ရက်က ဒေသတွင်းသတင်းစာ ဗီယက်နမ်နယူးစ်၏ ဖော်ပြချက်အရ သိရသည်။

မြို့တော်ဟနွိုင်းသည် လူဦးရေသိပ်သည်းမှု၊ ရောဂါကူးစက်နှုန်းမြင့်မားမှုတို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရာ အဓိကနေရာ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ပိုးမွှားဗေဒဦးစီးဌာနမှ အကြီးအကဲဖြစ်သူ ငုယင်ဗန်ဒေါင်၏ ပြောကြားချက်အရ သိရသည်။

ယခင်နှစ်များထက် စော၍ ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပေါ်လာသည့်အတွက် မကြာမီကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါအခြေအနေမှာ ဆိုးရွားလာဖွယ်ရှိကြောင်း ဟနွိုင်းရောဂါထိန်းချုပ်ရေးစင်တာ (စီဒီစီ) က ခန့်မှန်းထားသည်။ ဟနွိုင်းတွင် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလနှင့် ဒီဇင်ဘာလကြားတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိသော်လည်း ယခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမှာ ပုံမှန်ထက်စောစွာ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အစပိုင်းမှ စတင်ကာ ဗီယက်နမ်နိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ၅၇၀၀၀ နီးပါး စံချိန်တင်တွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၁၃ ဦးမှာ သေဆုံးသွားပြီ ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံအနောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှု အရေးပေါ်သတိပေးချက် ထုတ်ပြန်

တိုကျို ဩဂုတ် ၁၅

ဂျပန်နိုင်ငံ အနောက်ပိုင်း တို့တိုရီမြို့၌ အရေးပေါ် မိုးသည်းထန်စွာရွာသွန်းမှု သတိပေးချက်တစ်ရပ်ကို မိုးလေဝသတာဝန်ရှိသူများက ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက် ည ၈ နာရီအထိ မုန်တိုင်းမှာ ဂျပန်နိုင်ငံအနောက်ပိုင်း ဟိုဂိုခရိုင် တိုယိုအိုကာမြို့တစ်ဝိုက်မှ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် မြောက်ဘက်သို့ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ မုန်တိုင်းဗဟိုလေထုဖိအားမှာ ၉၉၀ ဟက်တိုပါစကယ်ရှိပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၀ ကီလိုမီတာအထိရှိသည်။

တို့တိုရီမြို့တွင် မိုးရေချိန် ၂၃၀ မီလီမီတာကျော်ရှိပြီး ခြောက်နာရီအတွင်း စံချိန်သစ်တင်ခဲ့သည်။ အဆိုပါ မိုးရေချိန်မှာ ဩဂုတ်လ တစ်လလုံး မိုးရွာသွန်းမှုထက်ပင် ကျော်လွန်ခဲ့သည်။ တို့တိုရီမြို့အတွက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်ပတ်သက်ပြီး အဆိုးဆုံး အရေးပေါ်သတိပေးချက်ကို ညနေ ၄ နာရီ မိနစ် ၄၀ တွင် မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် နိုးနိုးကြားကြားရှိနေကြရန် တာဝန်ရှိသူများက အကြံပြုထားသည်။ ထို့ပြင် ဒေသခံပြည်သူများအနေဖြင့် အနီးနားရှိ ခိုင်ခံ့သောအဆောက်အအုံများတွင် ဝင်ရောက်ခိုလှုံရန် တိုက်တွန်းထားပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အခက်အခဲရှိမည်ဆိုပါက အထပ်မြင့်များသို့ပြောင်းကာ တောင်စောင်းများနှင့် မျက်နှာမမူသော အခန်းများ၌ နေထိုင်ကြရန်လည်း တိုက်တွန်းထားသည်။

မိုးလေဝသတာဝန်ရှိသူများက ခရိုင်အတွင်း၌ မြေပြိုကျခြင်းများ၊ မြေနိမ့်ပိုင်းဒေသများ၌ ရေကြီးရေလျှံခြင်းနှင့် မြစ်ရေလျှံခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် သတိဝီရိယဖြင့် နေထိုင်ကြရန် ဒေသခံများကို တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ်၌ မြေပြိုကျမှုကြောင့် သေဆုံးသူ ၂၄ ဦးအထိ ရှိလာ

ရှန်ရှီး ဩဂုတ် ၁၅

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ် မြို့တော်ရှီးအန်းဆင်ခြေဖုံး၌ ဩဂုတ် ၁၁ ရက်က မိုးရွာသွန်းမှုနှင့်ဆက်စပ်မြေပြိုကျမှုကြောင့် ယခုအချိန်အထိ သေဆုံးသူ ၂၄ ဦးရှိခဲ့ပြီး သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ရှီးအန်းမြို့ အရေးပေါ်စီမံခန့်ခွဲရေးဌာန၏ သတင်းအရ ဩဂုတ် ၁၁ ရက် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချန်အန်းဒေသဆင်ခြေဖုံးရှိ ရွာတစ်ရွာတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကီလိုမီတာ ၃၀၀ ရှိသော တောင်ကျရေလမ်းကြောင်း တစ်လျှောက် ရှာဖွေကယ်ဆယ်ရေးများကို အကြိမ်ကြိမ်လုပ်ဆောင်ပြီးနောက် ယခုအချိန်အထိလည်း ရှာဖွေ ကယ်ဆယ်ရေးများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ might နဲ့ may အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Immigrant Life–II” နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about “Immigrant Life–II” ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတတွေ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

GRAMMAR

Basic to Intermediate

ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး might နဲ့ may တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို သဘောပေါက်နားလည်အောင် နမူနာဝါကျတွေနဲ့အတူ ဖော်ပြလိုက်ပါတယ်။

Might (ဖြစ်ကောင်းဖြစ်နိုင်)

(It is possible that I will …)

A: Where are you going for your holidays?

B: I’m not sure. I **might go** to New York.

ဒီနေရာမှာ A ရဲ့အမေးကို B ကပြန်ဖြေတဲ့နေရာမှာ I might go ဆိုပြီး သုံးထားတာ တွေ့ရမှာဖြစ်ပါတယ်။ ပြောချင်တဲ့အဓိပ္ပာယ်ကတော့ သူနယူးယောက်ကို သွားချင်သွားမယ်၊ ဒါပေမယ့် သိပ်မကျိန်းသေဘူးလို့ ပြောချင်တာပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဖြစ်ကောင်းဖြစ်နိုင်တယ်၊ လုပ်ကောင်းလုပ်နိုင်တယ်၊ သွားကောင်းသွားနိုင်တယ် ဆိုပြီး သိပ်မကျိန်းသေတဲ့အခြေအနေတွေကို ပြောတဲ့အခါမှာ might ကို သုံးနိုင်ပါတယ်။

Might ရဲ့နောက်မှာတော့ တခြားအကူကြိယာတွေလိုပဲ Infinitive လိုက်ပြီးရေးနိုင်ပါတယ်။

Might + infinitive (might go/ might be/ might rain etc.

I/we/you/they/he/she/it	might (not)	be go play come etc.

For example:

- I **might go** to the cinema this evening. (= it is possible that I will go)
- A: When is Barbara going to phone you?
  B: I don’t know. She **might phone** this afternoon.
- Take an umbrella with you. It **might rain.**
- Buy a lottery ticket. You **might be** lucky. (= perhaps you will be lucky)
- “Are you going out tonight?”

I might. (= I might go out)

Might ရဲ့ အငြင်းပုံစံကတော့ might not ဖြစ်ပါတယ်။ ဥပမာ–

- I **might not go** to work tomorrow. (=it is possible that I will not go)
- Sue **might not come** to the party. (= it is possible that she will not come)

May ကို Might ကဲ့သို့ အလားတူ ပုံစံမျိုးနဲ့သုံးနိုင်ပါတယ်။ may ကလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ လုပ်ကောင်းလုပ်နိုင်တယ်ဆိုတဲ့ သဘောပါပဲ။ ဥပမာ –

- I **may go** to the cinema this evening. **(= I might go)**
- Sue **may not come** to the party. **(= Sue might not come)**

May I …? = Is it OK to … / Can I …?

May I ask a question? **(= Can I ask?)**

May I sit here?

Yes, of course.

အရင်တစ်ပတ်တုန်းက will၊ shall နဲ့ပတ်သက်ပြီး Exercises (1) မှ (3) အထိလေ့ကျင့်ခန်းတွေပေးခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Shall နဲ့ပတ်သက်တဲ့ တခြား Exercises တွေဖြစ်တဲ့ Exercise (4) နဲ့ Exercise (5) ကိုထပ်မံဖော်ပြလိုက်ပါတယ်။

Exercise (4) Write sentences with Shall we…? Choose words from the Box A and Box B.

Box A	Box B
What	buy
what time	go
where	invite
who	meet

1. A: Let’s go out tonight.
   B: OK, **what** time shall we **meet**?
2. A: Let’s have a holiday?
   B: OK, ……………………………………………
3. A: Let’s spend some money?
   B: OK, ……………………………………………
4. A: Let’s have a party.
   B: OK, ……………………………………………

Exercise (5) Write sentences with Shall I …? Choose words from Box A and Box B.

Box A	Box B
turn on	some sandwiches
turn off	the window
make	the television
open	the light

1. A: It’s very warm in this room.
   B: **Shall I open the window?**
2. A: This programme isn’t very good.
   B: **Shall I** ……………………………………………?
3. A: I’m hungry.
   B: **Shall I** ……………………………………………?
4. A: It’s dark in this room.
   B: **Shall I** ……………………………………………?

VOCABULARY (SYNONYMS)

suitable	=	appropriate (သင့်တော်သော)
summit	=	top (ထိပ်၊ ထိပ်ဖျား)
surrender	=	yield (အလျှော့ပေးသည်)
suspended	=	hung (ဆိုင်းငံ့သည်)
tempestuous	=	stormy (မုန်တိုင်းထန်သော)

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION

Shortest way to talk about “Immigrant Life–II”

ဒီတစ်ပတ်မှာတော့ “Immigrant Life–II” နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို **Shortest way to talk about “Immigrant Life–II”** ဆိုပြီးဖော်ပြလိုက်ပါတယ်။

Conversation

Immigrant Life Part –2

What nationality are you?

Maggie: Hello!

Laura: Hello, I’m Laura Garcia from Germany, your new roommate. You must be Maggie, right?

Maggie: Yes, that’s right. I’m Maggie. It’s so good to meet you, Laura! Please come in!

Laura: Thank you.

Maggie: Welcome to Miami! You must be tired after your long journey. Do sit down. Have a drink and relax.

Laura: I’m not very tired. I slept on the plane.

Maggie: Please help yourself to any drink you like. You must be very thirsty. It’s so hot today.

Laura: You can say that again. Thanks.

Maggie: What nationality are you, Laura? Your last name doesn’t sound German.

Laura: I was born in Germany, so I’m German, but my mom is British and my father is Spanish. They came to college in Germany. That’s how they met. They’ve both lived in Germany for 30 years.

Maggie: That’s really interesting. So what languages are spoken in your family?

Laura: Well, my dad speaks Spanish as well as German, obviously. My mom speaks English and German fluently.

Maggie: How about you?

Laura: I speak German, Spanish and English.

Maggie: Wow! That’s amazing!

Language Focus

good to meet you

၁။ တစ်ယောက်နဲ့တစ်ယောက်တွေ့တဲ့အခါ တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောချင်ရင် သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုကတော့ Good to meet you ပဲဖြစ်ပါတယ်။ Good to meet you လိုပဲ တခြား တွေ့ရတာ ဝမ်းသာပါတယ်လို့ပြောတဲ့ စကားပြောပုံစံ တွေလည်းရှိသေးတယ်။ ကြည့်ရအောင်–

- Nice to meet you.
- Glad to see you.

ဒီလိုမျိုး စကားပြောပုံစံလေးတွေကို အပြောလေ့ကျင့်ပြီး ပြန်ပြန်ပြောကြည့်ပါ။

Do sit down.

၂။ လေးလေးနက်နက်ပြောချင်တဲ့အခါ ပုံမှန်ပြောနေကျ စကားပြောပုံစံရှေ့မှာ do လေးထည့်ပြီး ပြောနိုင်ပါတယ်။ ဒီမှာကတော့ Maggie က Laura ကို ထိုင်ပါဆိုပြီး ပြောလိုက်ချိန်မှာ Do sit down ဆိုပြီး သုံးသွားသလိုမျိုးပဲ ကိုယ်တွေလည်း ဒီလိုအခြေအနေလေးတွေနဲ့ ကြုံကြိုက်တဲ့အခါမှာ ဒီလိုမျိုးလေးပြောနိုင်အောင် လေ့ကျင့်ထားကြပါ။

Please help yourself

၃။ ကိုယ့်ဟာကိုယ်စားပါ။ ကိုယ့်ဟာကိုယ်သောက်ပါ ဆိုပြီး ပြောရင်တော့ အခုလိုမျိုးလေး Please help yourself ဆိုပြီးပြောနိုင်ပါတယ်။

what languages are spoken in your family?

၄။ ဘယ်ဘာသာစကားတွေပြောလဲဆိုပြီးမေးတဲ့ ပုံစံလေးဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုသတိထားရမှာ ကတော့ passive voice နဲ့သုံးပြီး ပြောသွားတာပဲဖြစ်ပါတယ်။ အကြောင်းအရာကို ဦးစားပေးတဲ့ ဝါကျတွေမှာဆို Passive Voice ပုံစံနဲ့ ပြောနိုင်ပါတယ်။

How about you?

၅။ မင်းကောဘယ်လိုလဲ ဆိုတဲ့သဘောမျိုး ပြောဆိုသုံးနှုန်းတဲ့အခါမှာ အခုလိုမျိုး ပြောလေ့ရှိပါတယ်။

- How about you? သူ့ချည်းပဲ အဓိပ္ပာယ်အဆက်အစပ်မရှိ မေးတာ၊ ပြောတာတော့ မတွေ့သေးပါ။ အဓိပ္ပာယ်အဆက်အစပ်လေးနဲ့ပြောပါ။ ဥပမာ –
- **Laura:** Well, my dad speaks Spanish as well as German, obviously. My mom speaks English and German fluently.
  Maggie: How about you?
  Laura: I speak German, Spanish and English.

———

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

(၇၇) နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

မန္တလေး ဩဂုတ် ၁၅

(၇၇) နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အလံတင် အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းနှင့် ၁၀၂ အေ လမ်းထောင့်ရှိ အိန္ဒိယဂေဟာ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မြန်မာ့သတင်းအချက်လက်နှင့် နည်းပညာတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ပါမောက္ခ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ မန္တလေးမြို့မှ အိန္ဒိယ နွယ်ဖွား မိတ်ဆွေများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အိန္ဒိယ ရိုးရာယဉ်ကျေးမှု အဆိုအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal က နိုင်ငံတော်အလံအား တိုင်ထိပ်သို့ လွှင့်ထူအလေးပြု၍ တက်ရောက်ကြသူများနှင့်အတူ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။ ဆက်လက်၍ အိန္ဒိယကောင်စစ်ဝန်ချုပ်က အိန္ဒိယနိုင်ငံသမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ယဉ်ကျေးမှု အဆိုအကအဖွဲ့ဝင်တို့က ဇာတိမာန်တေးသီချင်းနှင့် ရိုးရာအကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ်က သီဆိုကပြကြသည့် ယဉ်ကျေးမှုအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ကျေးဇူးတင်စကား ပြောကြား၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး နေ့လယ်စာ အိန္ဒိယအစားအစာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်၊ မိုးတားလေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၅ ဦး ဒဏ်ရာရရှိခဲ့”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းသား မီးရှို့ဖျက်ဆီး၊ ကူညီရေးအသင်းယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲ သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၉-၈-၂၀၂၃) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၂-၅-၂၀၂၃) နေ့မှ (၂၈-၇-၂၀၂၃) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၁၈ ဦး ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၂၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၂၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ဝိုင်ဘီအက်စ်ယာဉ် တစ်လလျှင် အစီးရေ ၄၀၀ ခန့် စည်းကမ်းချိုးဖောက်မှုရှိနေ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများတွင် လစဉ် စည်းကမ်းဖောက်ဖျက်သည့် ယာဉ်အစီးရေ ၄၀၀ ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“စည်းကမ်းမဲ့ မီးနီဖြတ်မောင်းတာတွေ၊ လုယက်ကျော်တက် မောင်းနှင်တာတွေကို မပြုလုပ်ဖို့ (YRTC) အနေနဲ့ ခေါ်ယူအသိပညာပေးတာတွေ လုပ်ဆောင်နေပါတယ်။ အခေါက်ရေ များများရဖို့ မောင်းနှင်တဲ့အခါ စည်းကမ်းမဲ့ ကျော်တက်မောင်းနှင်မှုတွေ ပိုများလာတာ” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုကပြောသည်။

အဆိုပါ စည်းကမ်းမဲ့ မောင်းနှင်သည့် YBS ယာဉ်များကို Traffic Control Center ကနေ တစ်ဆင့် စောင့်ကြည့်မှတ်တမ်း ရယူလျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့အတွင်း၌ နေ့စဉ် YBS ယာဉ် လိုင်း ၁၁၈ လိုင်း၊ ယာဉ်စီးရေ ၃၄၀၉ စီးခန့်၊ ခရီးသည် ၁၃၇၂၀၁၆ ဦးခန့်ကို ဝန်ဆောင်မှုပေးနေကြောင်း YRTC ၏ ထုတ်ပြန်ချက်များအရ သိရသည်။ **အာကာလင်း**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	[illegible]	[illegible]	ပုသိမ်	မြစ်ကြီးနား	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၇၂	၂၂၄၈
95 Ron	၂၂၈၀	၂၃၅၉
HSD (500 ppm)	၂၃၀၄	၂၃၇၉
HSD (50 ppm)	၂၃၇၇	၂၄၅၅
HSD (10 ppm)	၂၃၇၇	၂၄၅၅

မှတ်ချက်။

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုဟူသမျှ ညီညီညွတ်ညွတ် တိုက်ဖျက်ကြ

မင်းခန့်

အကြမ်းဖက်အဖွဲ့အစည်းတွေဟာ အချိန်နေရာဒေသမရွေး အပြစ်မဲ့ ပြည်သူလူထုကို ခြိမ်းခြောက်သတ်ဖြတ်လေ့ရှိကြလို့ ကမ္ဘာပေါ်မှာရှိတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ အကြမ်းဖက်ဝါဒရဲ့ခြိမ်းခြောက်မှုကို ခံနေရပါတယ်။ စစ်ရေးဆိုင်ရာပစ်မှတ်မဟုတ်တဲ့ အရပ်သားတွေ၊ အရပ်ဘက်အခြေခံအဆောက်အဦတွေ၊ နိုင်ငံရဲ့အထင်ကရ အရေးပါတဲ့ နေရာတွေကို တိုက်ခိုက်ဖျက်ဆီးလေ့ရှိကြတဲ့ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကမ္ဘာ့နိုင်ငံအသီးသီးက လက်မခံဘဲ အမြဲတမ်းသတိကြီးစွာထားပြီး ကာကွယ်နေကြရတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဒီလို အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အန္တရာယ်ကို ကာကွယ်ရာမှာ နိုင်ငံနယ်နိမိတ်၊ မတူကွဲပြားတဲ့ ဘာသာစကား၊ ကမ္ဘာ့နိုင်ငံအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒအဓိပ္ပာယ်၊ အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ ဥပဒေစည်းမျဉ်းများအပေါ် အငြင်းပွားနေကြရန်မလိုဘဲ ကမ္ဘာ့နိုင်ငံအသီးသီး ပူးပေါင်းပြီး စုပေါင်းကာကွယ်ကြရမှာ ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် နိုင်ငံတစ်ခုမှာ အကြမ်းဖက်မှုတွေ ကြီးစိုးလာပြီဆိုရင် သက်ဆိုင်ရာနိုင်ငံအတွက် ဆိုးကျိုးဖြစ်စေရုံသာမက အကြမ်းဖက်သမားများရဲ့ အယူဝါဒတွေဟာ အခြားဒေသတွင်းနိုင်ငံတွေကိုပါ ရိုက်ခတ်လာပြီး ကမ္ဘာ့အကြမ်းဖက်အဖွဲ့များနဲ့ ချိတ်ဆက်သွားကြတာကို တွေ့ရပါသည်။ ဒါကြောင့် အကြမ်းဖက်သမားများရဲ့ ဆင်ခြင်တုံတရားမဲ့စွာ အပြစ်မဲ့ပြည်သူများအပေါ် ဥပဒေမဲ့ကျူးလွန်နေတဲ့ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံရေးအရ အကာအကွယ်ပေးမှုတွေရှိနေကြရင် အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားကြီးထွားလာဖို့ အခွင့်အရေးပေးသလိုဖြစ်မယ်ဆိုတာကိုလည်း သတိချပ်ရမှာဖြစ်ပါတယ်။

ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဆွေးနွေးပွဲ ကျင်းပစဉ်။

> **“လေ့ကျင့်ခန်းကို ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံတွေကို ကြည့်လိုက်ရင် ပိုင်နက်နယ်မြေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ မတူကွဲပြားနေပေမယ့် တူညီတဲ့ဘုံရည်မှန်းချက်ကတော့ ကမ္ဘာ့မည်သည့်နေရာမှာမဆို အကြမ်းဖက်သမားတွေကို လက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြမည်ဆိုတဲ့ သဘောထား ဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ ယခုလို တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေး လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်”**

ဥပဒေစည်းမျဉ်းများအရ ကာကွယ်တားဆီး

ဒါကြောင့်လည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားမကြီးထွားလာစေဖို့နဲ့ အပြစ်မဲ့ပြည်သူတွေကို ကာကွယ်နိုင်ဖို့အတွက် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေကို တစ်နိုင်ငံချင်းအလိုက် သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေစည်းမျဉ်းများအရ ကာကွယ်တားဆီးနေကြသလို နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်တိုက်ဖျက်ကြရမှာ ဖြစ်ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များထဲက တစ်ခုဖြစ်တဲ့ အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise–TTX) ကို ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာကို တွေ့ရပါတယ်။

စားပွဲတင်လေ့ကျင့်ခန်းကို အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌ တာဝန်ယူထားတဲ့ မြန်မာ၊ ရုရှားနိုင်ငံတို့အပြင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့မှ တပ်မတော်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

လေ့ကျင့်ခန်းဒုတိယနေ့ ဩဂုတ်လ ၃ ရက်နေ့မှာ အမိန့်အဖွဲ့စီမံချက်ရေးဆွဲခြင်း (Command Post Exercise) လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ကြပြီး လေ့ကျင့်ခန်းပါ စစ်ဆင်ရေးစီမံချက်ကြီးတစ်ခုလုံးကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံက ကိုယ်စားလှယ်အရာရှိကြီးများမှ ဦးဆောင်ဆွေးနွေးမှုများကို အခြားနိုင်ငံများက ကိုယ်စားလှယ်တွေက သူတို့ရဲ့ အမြင်တွေ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ဆွေးနွေးကြပြီး ကောင်းမွန်ပြည့်စုံတဲ့ စီမံချက်ကြီးတစ်ခု ဖြစ်လာအောင် တက်တက်ကြွကြွနဲ့ နိုင်ငံအလိုက် အလှည့်ကျပါဝင် ဆွေးနွေးကြပါတယ်။

လေ့ကျင့်ခန်းတတိယနေ့ နံနက်ပိုင်းမှာတော့ နယ်မြေခံသင်တန်းကျောင်းမှာ မြန်မာ့တပ်မတော် အထူးတာဝန်တပ်ဖွဲ့ဝင်များမှ စွမ်းရည်သရုပ်ပြသမှုကိုလည်း တက်ရောက်ကြည့်ရှုခဲ့ကြပြီး အထူးတာဝန်တပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးများရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မာကျောမှု၊ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ လေ့ကျင့်သားပြည့်ဝမှုတွေကို နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များ အသိအမှတ်ပြုခဲ့ကြပါတယ်။ နေ့လယ်ပိုင်းမှာ စားပွဲတင်လေ့ကျင့်ခန်းကို တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်ကြပြီး စီမံချက်အတွက် နောက်ဆုံးအတည်ပြုချက် ရယူနိုင်ခဲ့ကြပါတယ်။ ညပိုင်းမှာတော့ ညစာစားပွဲကျင်းပခဲ့ကြပြီး ကိုယ်စားလှယ်များအားလုံးရဲ့ သာမန်ထက်ပိုတဲ့ နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။

အတွေ့အကြုံကောင်းများရရှိ

ဒီလို အာဆီယံနိုင်ငံတွေအပါအဝင် အခြားသော ဆွေးနွေးဖက်နိုင်ငံကြီးတွေနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး စားပွဲတင်လေ့ကျင့်ခန်းတစ်ခုကို ဦးဆောင်ပြီး အောင်အောင်မြင်မြင် ကျင်းပနိုင်တာဟာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် လတ်တလော နိုင်ငံရေး အခြေအနေတွေအရ NUG ၊ PDF အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့တာကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းများ ရရှိစေခဲ့ပါတယ်။

လေ့ကျင့်ခန်း ဆောင်ရွက်စဉ်ကာလအတွင်း လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံများမှ တပ်မတော်အရာရှိကြီးများအား စိတ်အပန်းပြေစေရန်နှင့် မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိနိုင်စေရန် လေ့လာရေးအစီအစဉ်များ စီစဉ်ပေးခဲ့ရာ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ပြသထားတဲ့ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းနဲ့ ခေတ်အဆက်ဆက် ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များ၊ အမျိုးသားပြတိုက်မှာ ပြသထားတဲ့ သမိုင်းမတင်မီကာလ (Prehistoric Period) ကတည်းက တည်ရှိခဲ့တဲ့ မြန်မာတို့ရဲ့ မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့တဲ့ အထောက်အထားများ၊ ရှေးမြန်မာတို့ရဲ့ သမိုင်းဝင် (Historic Period) စာပေ၊ ပန်းချီ၊ ဗိသုကာနှင့် ဘာသာရေးဆိုင်ရာ အထောက်အထားများ၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖော်ညွှန်းခဲ့တဲ့ ရှေးမြန်မာမင်းများ၏ သီဟာသနပလ္လင်ရဲ့ ခမ်းနားထည်ဝါမှုများ၊ ကျောက်မျက်ရတနာပြတိုက်မှာ ပြသထားတဲ့ မြန်မာ့တွင်းထွက်အဖိုးတန် သယံဇာတကျောက်မျက်ရတနာများကို လေ့လာခဲ့ကြပါတယ်။

ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုရဲ အငွေ့အသက်

ဒါ့အပြင် နေပြည်တော်ရဲ့အထင်ကရ ဥပ္ပါတသန္တိစေတီတော်ကြီးနဲ့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်ခဲ့ကြပြီး ထေရဝါဒဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုရဲ့ အငွေ့အသက်တွေကို အပြည့်အဝခံစားနိုင်ခဲ့ကြပါတယ်။ အထူးသဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီး အနေကဇာတင်အခမ်းအနား ပြုလုပ်ပြီးနောက် ပထမဆုံးနိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံခြားသားများက လာရောက်ဖူးမြော်ခဲ့တဲ့ နိုင်ငံခြားသားဘုရားဖူးများအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဧည့်သည်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်ရှိသူများရဲ့ ရှင်းလင်းပြောကြားချက်များအရ ကမ္ဘာမှာ အလေးချိန်အကြီးမားဆုံး၊ ထုထည်အကြီးဆုံး၊ ကျောက်တုံးတော်ကြီးများကို အဝေးဆုံး ရေလမ်း၊ ကုန်းလမ်း သယ်ဆောင်မှု မှတ်တမ်းနဲ့ ဘုရားကြီးအဆင့်ဆင့် ထုဆစ်မှုနဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ဘုရားစေတီများ၊ သာသနိကအဆောက်အဦများကို ဆောက်လုပ်ခဲ့တဲ့ မြန်မာ့အင်ဂျင်နီယာများရဲ့ စွမ်းပကားများကို ဂုဏ်ယူဝင့်ကြွားစွာ ပြသနိုင်ခဲ့ပါတယ်။

> **❖ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကို ပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံများရဲ့ တပ်ဖွဲ့ဝင်များကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်**

စာမျက်နှာ ၁၇ သို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စာမျက်နှာ ၁၆ မှ

ယခုပြုလုပ်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းဟာ အာဆီယံနိုင်ငံများနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် (၇)ခုရှိတဲ့အနက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter Terrorism) နယ်ပယ်အတွက်ဖြစ်ပါတယ်။ ဒီလေ့ကျင့်ခန်းကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူပြီး စားပွဲတင်လေ့ကျင့်ခန်း (TTX) ကို မြန်မာနိုင်ငံက ဦးဆောင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

နယ်ပယ် (၇)ခုမှာ ပူးပေါင်းဆောင်ရွက်

နယ်ပယ် (၇)ခုမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ၂၀၁၁ ခုနှစ်ကတည်းကစပြီး သုံးနှစ်တစ်ကြိမ် အလှည့်ကျပူးတွဲဥက္ကဋ္ဌများအဖြစ် အာဆီယံနိုင်ငံများထဲမှ တစ်နိုင်ငံနဲ့ အပေါင်းနိုင်ငံများထဲမှ တစ်နိုင်ငံက တာဝန်ယူဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ ပထမသက်တမ်းဖြစ်တဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံ၊ ဒုတိယသက်တမ်းဖြစ်တဲ့ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စင်ကာပူနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံ၊ တတိယသက်တမ်းဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ယခုစတုတ္ထသက်တမ်းကိုတော့ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ရပ်နားခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။

ယခုလို **အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးနယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကို ပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံများရဲ့ တပ်ဖွဲ့ဝင်များကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။**

အခုပြုလုပ်ခဲ့တဲ့ စားပွဲတင်လေ့ကျင့်ခန်းပုံသဏ္ဌာန်ကတော့ တည်ငြိမ်အေးချမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်သမားတွေကို နိုင်ငံပေါင်းစုံ တပ်ဖွဲ့များနဲ့ ဝိုင်းဝန်းတိုက်ခိုက်ဖို့အတွက် လုပ်ငန်းစီမံချက်ရေးဆွဲတဲ့ လေ့ကျင့်ခန်း ဖြစ်ပါတယ်။ စားပွဲတင်လေ့ကျင့်ခန်း သတ်မှတ်အဆင့်များဖြစ်တဲ့ စစ်ဦးစီးလေ့ကျင့်ခန်း (Staff Exercise)၊ အမိန့်အဖွဲ့စီမံချက်ရေးဆွဲခြင်း (Command Post Exercise) တွေကို မြန်မာနဲ့ ရုရှားတပ်မတော်အရာရှိကြီးများမှ ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အခြားနိုင်ငံများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြတာ မြင်တွေ့ခဲ့ရပါတယ်။

ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဆွေးနွေးပွဲ ကျင်းပစဉ်။

> **"နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးစနစ်တွေကို အကြောင်းပြုပြီး ဒီလိုအကြမ်းဖက်မှု တိုက်ဖျက်ရေးလေ့ကျင့်ခန်းတွေကို ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုအားပေးအားမြှောက်ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်စေပါတယ်။ ဒီလေ့ကျင့်ခန်း ပြုလုပ်တာနဲ့ပတ်သက်ပြီး မလိုလားတဲ့သူတွေရဲ့ အနှောင့်အယှက်အမျိုးမျိုး ရှိနေခဲ့ပေမယ့် အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ခြင်းဟာ စည်းလုံးညီညွတ်မှုရဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လေ့ကျင့်ခန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လုံခြုံမှုကို တည်ဆောက်ဖို့၊ ညီညီညွတ်ညွတ် ဆောင်ရွက်စို့" (Working in Unity, Building the Security) ဆိုတဲ့ အနှစ်သာရကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်"**

တူညီတဲ့ ဘုံရည်မှန်းချက်

လေ့ကျင့်ခန်းကို ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံ**တွေကို ကြည့်လိုက်ရင် ပိုင်နက်နယ်မြေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ မတူကွဲပြားနေပေမယ့် တူညီတဲ့ ဘုံရည်မှန်းချက်ကတော့ ကမ္ဘာ့မည်သည့်နေရာမှာမဆို အကြမ်းဖက်သမားတွေကို လက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြမည်ဆိုတဲ့ သဘောထားဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ ယခုလို တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။**

အမှန်တကယ်တော့ အာဆီယံနဲ့ အပေါင်းနိုင်ငံများရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ဖို့ ဖွဲ့စည်းထားတဲ့ ဒီယန္တရားဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ နိုင်ငံရေး၊ ပြည်တွင်းရေးအခြေအနေတွေနဲ့ ပတ်သက်မှုမရှိပါဘူး။ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်ဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ လက်မခံနိုင်သလို ဒေသတွင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ အကြမ်းဖက်မှုတွေကို ဒေသတွင်းနိုင်ငံတွေ လက်တွေ့ကျကျ ပူးပေါင်းပြီး တိုက်ဖျက်ဖို့ ဒီလိုယန္တရားတွေကို ဖွဲ့စည်းထားတာပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေရဲ့ နိုင်ငံရေးအခြေအနေတွေ၊ အုပ်ချုပ်ရေးစနစ်တွေထက် ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုသာ အလေးထားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့ အာဆီယံနိုင်ငံများအကြားမှာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီတဲ့ သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုစတာတွေကနေ မတူညီတဲ့ နိုင်ငံရေးစနစ်တွေ၊ မတူညီတဲ့ အုပ်ချုပ်ရေးစနစ်တွေ ရှိနေကြတာ ဖြစ်ပါတယ်။ အဲဒီလို မတူညီတဲ့ အခြေအနေတွေကနေ တူညီတဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ အာဆီယံဗဟိုပြုမှုနဲ့ အရေးပါမှုကို အကောင်အထည်ဖော်ဖို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စည်းလုံးညီညွတ်မှုရဲ့ ရလဒ်

နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးစနစ်တွေကို အကြောင်းပြုပြီး ဒီလိုအကြမ်းဖက်မှု တိုက်ဖျက်ရေးလေ့ကျင့်ခန်းတွေကို ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုအားပေးအားမြှောက်ပြုတယ်ဆိုတဲ့အဓိပ္ပာယ် သက်ရောက်စေပါတယ်။ ဒီလေ့ကျင့်ခန်းပြုလုပ်တာနဲ့ပတ်သက်ပြီး မလိုလားတဲ့သူတွေရဲ့ အနှောင့်အယှက်အမျိုးမျိုး ရှိနေခဲ့ပေမယ့် အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ခြင်းဟာ စည်းလုံးညီညွတ်မှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း လေ့ကျင့်ခန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လုံခြုံမှုကို တည်ဆောက်ဖို့၊ ညီညီညွတ်ညွတ် ဆောင်ရွက်စို့" (Working in Unity, Building the Security) ဆိုတဲ့ အနှစ်သာရကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်ကြတဲ့ နိုင်ငံများအလိုက်က ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံတွေ၊ အကြံပေးမှုတွေကလည်း လေ့ကျင့်ခန်းကြီး ပြည့်စုံအောင်မြင်ဖို့အတွက် အထောက်အပံ့ကောင်းတွေ ဖြစ်စေခဲ့ပါတယ်။

ဒါကြောင့် ဒီလိုလေ့ကျင့်ခန်းတွေကို စဉ်ဆက်မပြတ် ပြုလုပ်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များကြားမှာ တစ်ဦးနဲ့တစ်ဦး နားလည်ယုံကြည်မှုတွေ ပိုမိုတိုးတက်လာပြီး ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်တဲ့ နေရာမှာ လက်တွေ့ကျတဲ့ အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်လာမယ်ဆိုတာ အပြည့်အဝယုံကြည်ကြောင်း အသိပေးလိုက်ရပါတယ်။ ။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Thura Htun (ဂျင်ဆရာ)" Facebook အကောင့်ပိုင်ရှင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းကျေးရွာနေ သူရထွန်း (ခ) ဂျင်ဆရာအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် စက်ဆန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

"နိုင်ငံတော် သံစုံတီးဝိုင်း" အထူးဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၁၅

"နိုင်ငံတော်သံစုံတီးဝိုင်း" အထူးဖျော်ဖြေပွဲကို ဩဂုတ် ၁၃ ရက်က ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာတွင် ကျင်းပခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ရာ ပရိသတ်များ၏ တောင်းဆိုမှုများအရ အဆိုပါဖျော်ဖြေပွဲ မှတ်တမ်းအား ဩဂုတ် ၁၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် MRTV-HD မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတော်သံစုံတီးဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုတွင် နိုင်ငံတော်သီချင်းနှင့် ASEAN Anthem သံစဉ်များ၊ ပဏာမတေးသွားနှင့် တူရိယာအမျိုးအစားအလိုက် တီးမှုတ်မှုတို့နှင့်အတူ နိုင်ငံကျော်ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များဖြစ်ကြသည့် စိုးသူ၊ L ဆိုင်းဇီနှင့် ပြင်ပတေးသံရှင် ဂျွန်စကစ်၊ မြန်မာ့အသံ ခေတ်ပေါ်တီးဝိုင်းမှ တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ စောရက်စ်တာ၊ ရဲရင့်ဝေလွင်၊ မြနန္ဒာ၊ သီရိအောင်၊ မြင့်မြတ်ကျော်တို့နှင့်အတူ သံစုံတီးဝိုင်းမှ အိန္ဒြေစိုးမင်းနှင့် အေးနံ့သာအောင်တို့က မြန်မာသံစဉ်တေးသီချင်းများ၊ တရုတ်၊ အိန္ဒိယနှင့် ရုရှားတေးသီချင်းများ၊ ကမ္ဘာကျော် အင်္ဂလိပ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ရေတာရှည်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရေတာရှည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒာညီဆွေက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ရက်သတ္တပတ် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်သန်းသန်းမိုးက အာဟာရအစာအုပ်စုကြီးများ စုံလင်စွာ စားသောက်ရေး၊ ဖြည့်စွက်စာကျွေးမွေးရေးအကြောင်း ဆွေးနွေးပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ခြောက်လမှ တစ်နှစ်အောက်ကလေးများအား ဗီတာမင်အေ တစ်သိန်းအား အားဆေး၊ တစ်နှစ်မှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ နှစ်သိန်းအား အားဆေး၊ နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများအား သန်ချဆေးနှင့် ပျိုဖော်ဝင်ကျောင်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၄၀ ကျပ်	၂၄၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၅၁၅ ကျပ်	၂၅၆၅ ကျပ်
အောက်တိန်း ၉၂	၂၃၀၅ ကျပ်	၂၃၅၀ ကျပ်
အောက်တိန်း ၉၅	၂၄၁၅ ကျပ်	၂၄၆၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၉၀၀	၈၆၀၀	၅၉၂	၅၁၂၁၈၀၀
MTSH	၃၁၀၀	၃၁၀၀	၈၄၅၃	၂၆၁၀၄၃၀၀
MCB	၀	၀	၀	၀
FPB	၁၆၀၀	၁၆၅၀	၃၀၄၈၂	၄၈၇၇၁၃၀၀
TMH	၂၄၅၀	၂၃၅၀	၂၂၀	၅၂၄၀၀၀
EFR	၂၃၅၀	၂၃၀၀	၉၇၁	၃၇၉၇၃၅၀
AHPC	၅၀၀၀	၅၀၀၀	၅	၂၅၀၀၀
MAEPC	၁၉၅၀	၁၉၅၀	၂၂၇၄	၄၃၈၄၃၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိစေရန်၊ ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၁၅-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

နဝကမ္မ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၈၈၀၀	ဦးမြင့်စိန်နှင့်ဇနီး ဒေါ်ခင်ဆောင်မိသားစုကောင်းမှု	၃၅၀၀၀၀၀
၄၈၈၀၁	အင်းဝဘဏ် Customer (၉)ဦးမိသားစုကောင်းမှု	၂၀၀၀၀၀၀
၄၈၈၀၂	ဗိုလ်ကြီးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းငွေ (သား) ဗိုလ်ကြီးရဲစစ်ပိုင်နှင့်ဇနီး ဒေါ်မေဖော်ထက် (မြေး) မဂိုးအိမ့်သွန်း မသဲသာနှင်းမြေ (သမီး)မဝင့်ဝါထွန်းမိသားစုကောင်းမှု	၁၀၀၀၀၀၀
၄၈၈၀၃	မိဘများနှင့် ဒေါ်နနုဝင်းအားရည်စူး၍ ဗိုလ်ကြီးလှအောင်(ငြိမ်း) (သားကြီး) ဗိုလ်မှူးကြီးထက်အောင် နှင့်ဇနီး ဒေါ်စိမ်းလဲ့မိုး (မြေး) မငြိမ်းရတီလင်း (သားငယ်) ဗိုလ်ကြီးဟိန်းသူရအောင်နှင့်ဇနီး ဒေါ်အားအားဇော် (မြေး) မောင်အောင်ချမ်းမြေ့ပိုင်(ခ)မောင်လင်းထွန်းအောင် (သားငယ်) ဒေါက်တာဇွေမင်းအောင်မိသားစုကောင်းမှု	၁၀၀၀၀၀၀
၄၈၈၀၄	ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်တင်စိန် သား သမီး မြေးတစ်စုကောင်းမှု	၉၀၀၀၀၀
၄၈၈၀၅	နှစ်ဖက်အဘိုးအဘွားများနှင့် ဖခင် ဗိုလ်မှူးရန်နောင်သိန်း အားရည်စူး၍ (သမီး)မဖြိုးအိမ့်ခြွေနောင် မိသားစုကောင်းမှု	၇၀၀၀၀၀
၄၈၈၀၆	ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစောနှင့်ဇနီး ဒေါ်ညိမ်းကုံ ညီမဖြစ်သူ ဒေါ်အေးအေးသိန်း တို့အားရည်စူး၍ သား သမီးများဖြစ်ကြသော ဒေါ်စန်းစန်းတင်၊ ဦးငွေငွေ၊ ဒေါ်ခင်ခင်ငွေ၊ ဦးဝင်းငွေ၊ ဒေါ်မြမြငွေ၊ မောင်နေတစ်စုကောင်းမှု	၇၀၀၀၀၀
၄၈၈၀၇	ဒေါ်စန်းဝင်းမာမိသားစုကောင်းမှု	၇၀၀၀၀၀
၄၈၈၀၈	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဆင်တန်းသားများကောင်းမှု	၆၅၀၀၀၀
၄၈၈၀၉	ကွယ်လွန်သူ ဦးလှမြင့်နှင့် မိခင်ဒေါ်အောင်နိုင်အား ရည်စူး၍ ဒေါ်မြသီဂိုပိုင်မိသားစုကောင်းမှု	၆၀၀၀၀၀
၄၈၉၀၀	ကိုကျော်လေးလွင်စိုးနှင့်ဇနီး မအေးအေးသန်းမိသားစုကောင်းမှု	၅၆၀၀၀၀
၄၈၉၀၁	ဦးတင်မောင်မိသားစုကောင်းမှု	၅၃၅၀၀၀
၄၈၉၀၂	ဖက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများ (နေပြည်တော်)မိသားစုကောင်းမှု	၅၂၂၀၀၀
၄၈၉၀၃	ဦးစိန်မြင့်(အရာခံဗိုလ်-ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့် (သမီး) မခင်သန္တာမြင့် (မြေး) မထက်ယမုံခင် မိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၄	ဦးဇော်မင်းအောင်(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)နှင့်ဇနီး ဒေါက်တာမြို့မြို့ကျော် (ညွှန်ကြားရေးမှူး ကျန်းမာရေးဦးစီးဌာန) မိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၅	အရှေ့မဟာဌာနစခန်း ဘဏ္ဍာစုဒိန္န(မှော်စခန်း) အမှုဆောင်လူကြီး ဦးဝင်းထွန်း၏ ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း) နှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၆	(ဗိုလ်မှူးရန်နောင်သိန်း)နှင့်ဇနီး ဒေါက်တာတင်လင်းမျိုး (သမီး)မဖြိုးအိမ့်ခြွေနောင် (သား) မောင်ကောင်းကျော်စွာ မိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၇	ဦးထွန်းသိန်း ဗိုက်ဦးမြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ မိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၈	ဒေါ်ခင်မြို့မိသားစုကောင်းမှု	၅၀၀၀၀၀
၄၈၉၀၉	ဒေါ်ခင်သဲအိအောင်မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၀	ဦးကျော်ရဲရင့်မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၁	ဦးအောင်နိုင်ဝင်းမိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၂	မိဘနှစ်ပါးအားရည်စူး၍ ဒေါ်မြင့်မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၃	ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၄	ဆရာမ ဒေါ်မြမြနိုင်(ငြိမ်း)မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၅	ကွယ်လွန်သူ ဦးကိုကျော်နှင့်ဇနီး ဒေါ်မမြကိုနွဲ့ တို့အားရည်စူး၍ မနှင်းနွဲ့သဲ မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၆	ဦးလှမြင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝေ (သမီး) မမြတ်အိမ့်ဝေ၊ မစုစုနွယ်ဝေ "မြတ်"မိသားစုကောင်းမှု	၅၀၀၀၀၀
၄၉၀၀၇	ရေညီသင်းမြို့ ရန်အောင်မင်း ပရိယတ္တိစာသင်တိုက် စာချစာသင်သံဃာတော်အရှင်မြတ်များကောင်းမှု	၃၀၀၀၀၀
၄၉၀၀၈	ဦးထွန်းစိန်နှင့်ဇနီး ဒေါ်ကလေးမ မိသားစုကောင်းမှု	၃၀၀၀၀၀
၄၉၀၀၉	ကွယ်လွန်သွားသည့် မိဘများနှင့်ခင်ပွန်း (ဦးတင်မြင့်) အားရည်စူး၍ (ဇနီး) ဒေါ်မြမြသန်း တပ်မတော်(လေ-ငြိမ်း) မိသားစုကောင်းမှု	၃၀၀၀၀၀

ပိဋကတ်သုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၉၁၀၀	နှစ်ဖက်သောအိုးဘွားမိဘများအားအမျှပေး၍ ဦးဟန်ထူးနှင့်ဇနီး ဒေါ်နန္ဒာဝင်း (သမီး) မငြိမ်းရတနာ၊ မသီရိရတနာ (သား) မောင်ထူးဇေယဝင်း မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၁	ဒေါက်တာလှကြွယ်နှင့်ဇနီး သီရိသုမေ့ဘီ ဒေါ်အေးအေးအောင် (နန္ဒာစိန်သွာကျူကီ) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၂	ဒေါက်တာသန္တာနိမလွှန့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၃	ဒေါ်အေးအေးတင့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၄	ဦးထွန်းမင်းကျော်(Shwe Yone Trading Co.,Ltd) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၅	Messrs Monday International Co.,Ltd ကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ)	၂၀၀၀၀၀၀
၄၉၁၀၆	တပ်ကြပ်ကြီးစာရေးသင်တန်းအမှတ်စဉ်(၁၀၀)မှ သင်တန်းသားများနှင့်မိသားစုများ (၂၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ)	၁၂၀၀၀၀၀
၄၉၁၀၇	ဦးမင်းမော်အေးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ)	၁၂၀၀၀၀၀
၄၉၁၀၈	ဦးမိုးမင်းထွန်းမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ)	၁၂၀၀၀၀၀
၄၉၁၀၉	ကွယ်လွန်သူမိဘများဖြစ်ကြသော (ဦးတင်မြင့်နှင့်ဇနီး ဒေါ်စိန်ကြည်)နှင့် ညီ/မောင် ဦးမြင့်ဟန်မြင့် တို့အားရည်စူး၍ ဦးတင်မော်မြင့်နှင့်ဇနီး ဒေါ်စန္ဒာကြည် (သမီး)မဆွေကြည်ဦးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ)	၁၂၀၀၀၀၀
၄၉၂၀၀	ဦးတင်ရီနှင့်ဇနီး ဒေါ်သန်းသန်းငွေ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ)	၁၂၀၀၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်ရွယ်လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၄၄၅၆၁၇ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၁၃၅ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၄၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိုးနှန်းအကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၆၅၀၀၉၉၉၉၉၊ ၀၇၈-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၂၈

အမည်ပြောင်း

ဦးကိုကိုမျိုး-ဒေါ်လွင်မာစိုးတို့၏ သား ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အထက၊ သင်္ချာကုန်း Grade-10မှ မောင်ကျော်စည်သူ ဟိန်းအား မောင်ဘုန်းဆက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းဆက်ပိုင်

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်ကျေးရွာ၊ ရပ်ကွက် (၁၁)နေ အထက(ခွဲ)ပင်ဖြစ် (၁)ကျောင်း၊ Grade-9 မှ မောင်ကျော်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးချမ်းသာ ၁၃/ရစန(နိုင်)၀၉၅၇၄၅ ဖြစ်ပါကြောင်း။

ဦးချမ်းသာ

ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆန်းသစ်ကျေးရွာနေ (ဘ) ဦးအုံးဝေ၏သား မောင်ဖြိုးကျော်ကျော် ၈/ရစက(နိုင်) ၂၅၃၅၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (ME 685437) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၆၇ ၇၃၉ ၆၀၀

မွေးသက္ကရာဇ်အမှန်

မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ အထက(ခွဲ) ကြို့ဝန်းကြီးတွင် တာဝန် ထမ်းဆောင်နေသော ဦးကျော်မြင့် ၈/စလန(နိုင်) ၀၈၁၁၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၁-၁-၁၉၆၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဇော်ထွန်း ၉/မသန(နိုင်)၁၄၆၉၃၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-865922) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၈၂၅၀၁၀

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်စိမ့်သန္တာသက်အစား ဒေါ်စိမ့်သဥ္ဇာသက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်အောင်ကျော်စိုး ၁၀/မလမ (နိုင်) ၂၅၇၀၆၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(A 32 6336) သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၇၈ ၉၁၉ ၃၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာဦးစီးဌာန
နေပြည်တော်
နည်းပြ၊ သရုပ်ပြ လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာပညာရေးဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ လျှောက်ထားနိုင်ကြပါသည် -

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) စာပေဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) အတွက် ပါရဂူဘွဲ့ (သို့မဟုတ်) မဟာသုတေသနဘွဲ့(M.Res) (သို့မဟုတ်) မဟာဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) ပညာရေးဘာသာရပ်များ(ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ)နှင့် သင်ပြနည်းဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း)အတွက် မဟာပညာရေးဘွဲ့ (သို့မဟုတ်)ပညာရေးဘွဲ့၊ ကွန်ပျူတာ ဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိသူဖြစ်ရမည်။

(ဃ) ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များအတွက် (စက်မှု၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ စိုက်ပျိုးရေး) ပညာရေးဘွဲ့ရရှိပြီး(သို့မဟုတ်) သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(င) **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင်** သတ်မှတ်ထားသော ဘာသာရပ်များ၌ ပါရဂူဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့(M.Res)၊ မဟာပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပညာရေးဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် နည်းပြ၊ သရုပ်ပြ အဖြစ်ပြောင်းလဲ တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ပညာအရည်အချင်း အထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၆။ **လျှောက်လွှာများကို (၁၄-၉-၂၀၂၃)ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍** လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ ပေးပို့ လျှောက်ထားနိုင်သည်။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်၊ ဖြေဆိုရမည့်ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်ဖြစ်ပါသည် -

(က) မြန်မာစာ (၃-၁၀-၂၀၂၃) နံနက်(၉)နာရီမှ (၁၀)နာရီ

(ခ) အင်္ဂလိပ်စာ (၃-၁၀-၂၀၂၃) နံနက်(၁၀)နာရီမှ (၁၁)နာရီ

(ဂ) အထွေထွေဗဟုသုတ(၃-၁၀-၂၀၂၃)နံနက်(၁၁)နာရီမှ (၁၂)နာရီ

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာပညာရေး ဒီဂရီကောလိပ်များတွင် (၇-၁၀-၂၀၂၃) ရက်နေ့မှ (၈-၁၀-၂၀၂၃)ရက်နေ့များတွင် ကျင်းပမည်ဖြစ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန

ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ မဒိမ်းဆန်းနွမ်း ၅/ကလထ(နိုင်)၃၃၄၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ် (MWY-23-009249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၇၂၂၇၆၆

အခွန်စိမ်းစာရွက်ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၃၁ နေ ဦးစိုးသီဟ ၇/တငန(နိုင်)၁၀၉၀၃၄ ပိုင် 4D/4864 ယာဉ်၏ အခွန်စိမ်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၉၂၀၈၂

အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁)၊ မြေကွက်အမှတ်(၂၅)၊ မြေအကျယ်အဝန်း (၁၀၄၀၀)စတုရန်းပေ (၀.၂၃၈)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်၏လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၌ (၅-၂-၂၀၁၅)ရက်တွင် ဦးစံထွန်း(ဘ)ဦးတင်မောင် ၁၂/မရက(နိုင်)၀၅၇၈၂၂မှ ဦးအောင်ဇင်ယု(ဘ)ဦးမြင့်သိန်း ၁၂/လမန(နိုင်)၁၂၄၂၅၄ထံသို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၁၆/၂၀၁၅) အား(၁၆-၈-၂၀၂၃)ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးညွန့်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၉၉၇၃)
အမှတ်(၅/၉-ခ)၊ ကျော်ညီနောင်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
ဖုန်း-၀၉-၄၀၀၀၉၆၅၆၃၊ ၀၉-၄၃၀၂၀၂၄၆

အမှတ် (၃)၊ ဩဂုတ်လ၊ ၂၀၂၃ တန်ဖိုး - ၈၀၀ ကျပ်
English for Students
SUPPLEMENT လေ့လာဖွယ်ရာ အင်္ဂလိပ်စာ
၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် သင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည်။
Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။
ကိုယ်ပိုင်ကျောင်းများအတွက် အထူးအစီအစဉ် ရှိသည်။
ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။
Ph : 018-387961, 018-376442, 09 269006353, 09 981163924

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရေးခရိုင် စုပေါင်းရုံး(RC)(၂)ထပ် (စတုရန်းပေ-၂၂၀၀၀)တည်ဆောက်ခြင်းလုပ်ငန်း(Lot-2)ဆောင်ရွက်ခြင်းတို့အတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က)	**တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်**	- ၁၇-၈-၂၀၂၃ရက်မှ ၃၀-၈-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)
(ခ)	**တင်ဒါလျှောက်လွှာတန်ဖိုး**	- ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
(ဂ)	**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်၊ အချိန်၊ နာရီ**	- ၃၀-၈-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) - ၁၆:၃၀နာရီ
(ဃ)	**တည်နေရာ**	- မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ စစ်ကဲကုန်းရပ်ကွက် မော်လမြိုင်မြို့

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၅၇-၂၄၉၇၃နှင့် ၀၅၇-၂၄၇၃၀ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင် (အထက) Grade- (12) မှ မောင်ဇင်လင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးအောင်စီညွန့် ၈/မသန(နိုင်)၀၆၆၆၇၂ ဖြစ်ပါသည်။

ဦးအောင်စီညွန့်
၈/မသန(နိုင်)၀၆၆၆၇၂

အမည်မှန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက(၁) Grade-3 မှ မရွှေမြတ်ချယ်၏ဖခင် အမည်မှန်မှာ ဦးပြုံး ၇/ဒဥန(နိုင်)၁၃၀၂၃၂ ဖြစ်ပါကြောင်း။

ဦးပြုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/59310, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/66333, Dayang-110 ယာဉ်လက်ဝယ်ရှိသူ Immortal Moe Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ကျောင်းကုန်း (၁)လမ်း၊ အမှတ်(၄၇)၊(၁)ခန်းတည်း RC(၆)ထပ်အဆောက်အအုံ၏ စတုတ္ထထပ်(၅လွှာ) အခန်း၊ ဧရိယာ(၁၀၈၁)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဝင်း ၁၂/လမန(နိုင်)၁၀၃၆၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သက်နွယ်ဦး ၉/မလန(နိုင်)၁၁၄၁၁၅၊ ဦးကျော်သူ ၁၄/ဘကလ(နိုင်)၂၂၃၁၃၁တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သက်နွယ်ဦး၊ ဦးကျော်သူတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်သူဇာကျော်
LL.B.D.B.L,D.I.L,D.I.P.L,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph - 09-765602290

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

